# ချစ်သမီးတို့၏ အသံများ



ဘာသာရေးအသိုက်အဝန်းနှင့်
အတူလုပ်ဆောင်ခြင်းဖြင့်
မြန်မာနိုင်ငံရှိလိင်ပိုင်းဆိုင်ရာ
အကြမ်းဖက်မှု၏ ဒဏ်ရာဒဏ်ချက်
များကို ကုစားပေးခြင်း

tearfund

oikoumene

# ချစ်သမီးတို့၏ အသံများ

ဘာသာရေးအသိုက်အဝန်းနှင့်အတူလုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ ဒဏ်ရာဒဏ်ချက်များကို ကုစားပေးခြင်း

Author: Lizle Loots

မြန်မာဘာသာပြန်ဆိုသူ - ဒေါ်သိန်းနီဦး ၊ ဆလိုင်းဇော်ဝင်း Daw Theinny Oo and Salai Zaw Win

သုတေသန ညှိနှိုင်းရေးမှူး - နော်အန်သီယာ Naw Anthea

ဆလိုင်းထောင်းလျှိုင်လုန် (ကာတွန်း - လိုင်လွဏ်း)

Wingfinger Graphics © Tearfund 2016

This report is available to download at: www.tearfund.org/sexualviolence

## ကျေးဇူးတင်လွှာ

ဤသုတေသနသည် အာရှဒေသအတွက် Tearfund ၏ ပထမဦးဆုံးသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် ရှင်သန်ကျန်ရစ်သူများထံမှ အသံများကိုနာကြားကာပြုလုပ်သောသုတေသနဖြစ်ပါသည်။ မိမိတို့၏အဖြစ်

အပျက်များအားရဲရင့်စွာဖြင့်ဝေမျှပေးသောရှင်သန်ကျန်ရစ်သူများအားအထူးကျေးဇူးတင်ပါသည်။ လိင် ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည်ဖုံးကွယ်ခံထားရသည့် ကိစ္စရပ်တစ်ခုဖြစ်ကာပေါင်းကူးဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများကြောင့်သာမဟုတ်ခဲ့လျှင်တုံ့ပြန်ဆောင်ရွက်မှုများအား ပိုမိုနားလည်နိုင်စေရန်အတွက်ကျွန်ုပ်တို့အနေဖြင့် ရှင်သန်ကျန်ရစ်သူများ၊ ရပ်ရွာ နှင့် ဘာသာရေး ခေါင်းဆောင်များတို့ နှင့် ချိတ်ဆက်မိရန်အလို့ငှာ မလွယ်ကူလှပေ။

ရှင်သန်ကျန်ရစ်သူများ၏ အသံကိုကြားနာရန်အတွက် နာရီပေါင်းများစွာပင်ဘတ်စ် ကား၊ မော်တော်ဘုတ်၊ မော်တော်ဆိုင်ကယ်တို့ဖြင့်ခရီးသွားခဲ့ရကာ အချိန် ၄ လကျော်မနားမနေကြိုးစားလုပ်ဆောင်ခဲ့သည့်ဒေသခံ သုတေသီအဖွဲ့ကိုလည်းကျွန်ုပ်တို့ အထူးကျေးဇူးတင်လိုပါသည်။ ဤသုတေသနအားဘာသာစကားအမျိုးမျိုးဖြင့်လုပ်ဆောင်ခဲ့ရသည်ဖြစ်၍ ထိုအဖြစ်အပျက်အကြောင်းအရာတို့အားကျွန်ုပ်တို့အတွက်ဘာသာပြန်ဆိုပေးသူများ၏ အခန်းကဏ္ဍမှာအလွန်ပင်အရေးပါခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် လုပ်ငန်းတာဝန်ကြီးမားလှသည့် ရရှိလာသောသတင်းအချက်အလက်များကို ခွဲခြားစိစစ်ကာသုံးသပ်ပြီး ဤအစီရင်ခံစာကိုရေးသားသော ဦးဆောင်သုတေသီကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများ၏ အသံများကိုကြားနာခြင်းသည် လျော်ကန်သင့်မြတ်သောတုန့်ပြန်ဆောင်ရွက်မှုများကို အားထုတ်ပြင်ဆင်နိုင်ရန်အလို့ငှာ ဤကိစ္စရပ်ဆိုင်ရာများကိုပိုမိုသိနားလည်စေရန်အတွက် အလွန်ပင်အရေးကြီးပေသည်။ ကျွန်ုပ်တို့မျှော်လင့်သည်မှာ ဤသုတေသနသည် ကျွန်ုပ်တို့လက်တွဲလုပ်ဆောင်နိုင်စေရန် အထောက်အကူဖြစ်စေမည့် ခြေလှမ်းတစ်ခုဖြစ်ကာအနာဂါတ်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ရန် နှင့် ရှင်သန်ကျန်ရစ်သူများ၏ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေရေးအတွက် ပံ့ပိုးကူညီနိုင်ရန်ပင်ဖြစ်သည်။

### မျက်နှာဖုံးဒီဇိုင်း – ဆလိုင်းထောင်းလိုင်လွဏ်း (ကာတွန်း – လိုင်လွဏ်း)

အမျိုးသမီး၏ ဦးခေါင်းပုံတွင် အိုးများစွာရှိကာ သူမအနေဖြင့် တာဝန်ကိစ္စများမြောင်စွာကိုကိုင်တွယ်ဖြေရှင်းရန်ရှုန်းကန်ရကြောင်းဆိုလိုပါသည်။ သူမ၏နှုတ်ကိုပိတ်ကာခံစားရသမျှအားဖွင့်ဟမပြောနိုင်ဖြစ်သော်လည်း သူမ၏ မျက်ရည်များက မှင်အိုးအတွင်းသို့ စီးကျလျှက် သူမ၏အဖြစ်အပျက်ဇာတ်လမ်းကို ဤလေ့လာမှု အတွင်းရေးသားဖော်ပြလာနိုင်ခဲ့ပြီ။

# ချစ်သမီးတို့၏အသံများ

## ဘာသာရေးအသိုက်အဝန်း နှင့် အတူလုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံရှိလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ ဒဏ်ရာဒဏ်ချက်များကို ကုစားပေးခြင်း

Lizle Loots

June 2016

© TEARFUND 2016

# မိတ်ဆက် အမှာစာ

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော သုံးပါးတစ်ဆူဖြစ်တော်မူသော ထာဝရဘုရားသခင် ဖန်ဆင်းရှင်ကို ယုံကြည်သော ခရစ်ယာန်အသင်းတော်များ၊ ခရစ်ယာန်များသည် ဖန်ဆင်းထားသမျှသော အရာများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပေသည်။ ထာဝရဘုရားသခင်သည် လူသားအားလုံးကို သဏ္ဌာန်တော် နှင့်အညီ ဖန်ဆင်းထားသည်ဟု လက်ခံယုံကြည်ထားပေးသည်။ ထို့အတူ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်သော အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် ဘဝလုံခြုံမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လေးစားတန်ဖိုးထားခြင်း၊ အကာအကွယ်ပေးခြင်း၊ မြှင့်တင့်ပေးခြင်းတို့သည် အသင်းတော်များ၏ အခြေခံကျသော တာဝန်တစ်ရပ်ဖြစ်ပါသည်။

လိင်မှုဆိုင်ရာအကြမ်းဖက်ခြင်းသည် ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်းတွင် လက်ခံနိုင်ဖွယ်မရှိသော လူမှုရေး ပြစ်မှု ဖြစ်ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများကို မသိကျိုးကျွန်ပြုခြင်း၊ အလေးအနက်မထားခြင်း၊ အရေးတယူမရှိခြင်းတို့သည် လိင်မှုဆိုင်ရာအကြမ်းဖက်ခြင်းကိုအားပေးနေခြင်းပင်ဖြစ်ပါသည်။ လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းများနှင့် စပ်လျဉ်းပြီး အသင်းတော်များ ပိုမိုသိရှိဂရုပြုလာစေရန် Tearfund အဖွဲ့အနေဖြင့် သုတေသနလုပ်ငန်းတစ်ရပ်ကို ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ၊ တနင်္သာရီတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ခရစ်ယာန်အသင်တော်များအချို့သို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ပါသည်။

ဤစာအုပ်ငယ်လေးသည် လေ့လာတွေ့ရှိခဲ့သော သုတေသနပြုမှုများကို ပြန်လည်တင်ပြထားသည်ဖြစ်ရာ ဖတ်ရှုလေ့လာ သူများနှင့် အသင်းတော်များအတွက် များစွာအထောက်အကူပေးမည်ဟု ယုံကြည်ပါသည်။

သုတေသနစာတမ်းမှ တွေ့ရှိချက်များကို အခြေခံကာ အမျိုးသမီးများပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းများ လျော့ကျ နိုင်စေရန် အတွက် အသင်းတော်များ၏ ရပ်တည်မှုများနှင့် အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ကာ အနာဂတ်တွင် လူ့သိက္ခာကို ပိုမိုတန်ဖိုးထားလေးစားသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို အသင်းတော်များအားဖြင့် တည်ဆောက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

တစ်လုံးတစ်ဝတည်း အမှုတော်မြတ်၌



သိက္ခာတော်ရဆရာစောရွှေလင်း
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

# မာတိကာ


## သုတေသနစာတမ်းအနှစ်ချုပ် ....... ၅

## နိဒါန်း ....... ၇

လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများ ....... ၇

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ နှင့် ဘာသာရေးဆိုင်ရာရေခံမြေခံအနှစ်ချုပ် ....... ၈

မြန်မာနိုင်ငံရှိလိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအခြေပြုအကြမ်းဖက်မှု ....... ၉

## သုတေသန ရည်ရွယ်ချက် ....... ၁၀

## သုတေသနနည်းလမ်းများ ....... ၁၀

စစ်တမ်းနမူနာ နှင့် တည်နေရာ ....... ၁၀

ကျင့်ဝတ် ....... ၁၁

လေ့လာဆန်းစစ်ခြင်းပုံစံ ....... ၁၂

သုတေသီ၏ဘေးကင်းလုံခြုံရေး နှင့် သက်သောင့်သက်သာဖြစ်မှု ....... ၁၃

အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သိမ်းဆည်းခြင်း ....... ၁၃

ကန့်သတ်ချက်များနှင့်စိန်ခေါ်မှုများ ....... ၁၃

ကနဦးတွေ့ရှိချက်များ – တုန့်ပြန်ဆွေးနွေးခြင်းအလုပ်ရုံအစည်းအဝေး ....... ၁၄

## တွေ့ရှိချက်များ ....... ၁၅

ရှင်သန်ကျန်ရစ်သူများ ....... ၁၅

(၁)ရှက်ရွံ့ထိတ်လန့်ခြင်းနှင့် အမည်းစက်ထင်ကျန်ခြင်း ....... ၁၆

(၂)အပြစ်ပေးခြင်းနှင့် လူမှုအသိုက်အဝန်း၏ဖယ်ကျဉ်းခံရခြင်း ....... ၁၇

(၃)ဝန်ဆောင်မှုများရရှိမှု ....... ၁၇

(၄)တည်ငြိမ်သော အသက်မွေးဝမ်းကျောင်းအလုပ် ....... ၁၈

(၅)နက်နဲနွေးထွေးသောလူမှုဆက်ဆံရေး ....... ၁၈

(၆)သားသမီးများကို ဂရုစိုက်ခြင်း ....... ၁၈

(၇)ပဋိပက္ခမှ ရရှိသော စိတ်ဒဏ်ရာ ....... ၁၉

(၈)ဘာသာရေးအသိုင်းအဝန်းများထံမှအပြုသဘောဆောင်သောအတွေ့အကြုံများ ....... ၁၉

(၉)ရှင်သန်ကျန်ရစ်သူများ၏ကွန်ယက်အဖွဲ့တွင်စိတ်ပါဝင်စားမှု ....... ၂၀

ဘာသာရေး အသိုင်းအဝန်းများ ....... ၂၀

၁။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများကိုကျူးလွန်စေသူများ ....... ၂၁

၂။ တိုင်ကြားရန်အဟန့်အတားများ နှင့် ရှင်သန်ကျန်ရစ်သူများ၏နှုတ်ဆိတ်နေမှု ....... ၂၂

၃။ အသံတိတ် ဆိတ်ဆိတ်နေခြင်း ....... ၂၅

၄။ လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများမှရှင်သန်ကျန်ရစ်သူများအပေါ် လူထု ၏ တုံ့ပြန်မှု ၂၆

၅။ ဘာသာရေးကို အခြေခံသော တုံ့ပြန်မှုကို အားကောင်းစေခြင်း ....... ၂၆


© TEARFUND 2016

ဆွေးနွေးချက်များ ........................................ ၂၈

RECOMMENDATIONS ........................................ ၃၀

အကြမ်းဖက်ခံရသူများဖော်ပြသည့်ထောက်ပံ့ကူညီရေးဆိုင်ရာအကြံပြုချက် ........................ ၃၀

ဘာသာရေးအသိုက်အဝန်းများမှ ဆောင်ရွက်ရန်အတွက်အကြံပြုချက်များ ........................ ၃၁

နိဂုံး ........................................ ၃၁

နောက်ဆက်တွဲ ၁ ။ မေးခွန်းလမ်းညွှန် ........................ ၃၂

မေးခွန်းလမ်းညွှန် - ရပ်ရွာလူထုခေါင်းဆောင် ........................ ၃၂

မေးခွန်းလမ်းညွှန် - ဘာသာရေးခေါင်းဆောင် ........................ ၃၄

မေးခွန်းလမ်းညွှန် - ရှင်သန်ကျန်ရစ်သူများ ........................ ၃၆

မေးခွန်းလမ်းညွှန် - လူထုအခြေပြု အမျိုးသမီးများအဖွဲ့ ........................ ၃၈

# သုတေသနစာတမ်းအနှစ်ချုပ်

ဤသုတေသနလုပ်ငန်း၏ အခြေခံသဘောတရား နိုင်မာကျေညက်စေရန် အတွက် ၂၀၁၅ခု နှစ်ဆန်းပိုင်းမှစတင်ကာ Tearfundနှင့်အတူ အသင်းတော်ရှိ အမျိုးသမီးဌာနများအား ကိုယ်စားပြုသော မြန်မာနိုင်ငံရှိ ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ နှင့် လွတ်လပ်သော အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများတွင် ကျားမရေးရာဆိုင်ရာကိစ္စရပ်များအတွက် လုပ်ကိုင်နေသော တစ်သီးပုဂ္ဂလများက လုပ်ဆောင်ခဲ့ပါသည်။ သုတေသနလုပ်ငန်း၏ရည်မှန်းချက်မှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင်ရှင်သန်ကျန်ရစ်သူများ၏ အတွေ့အကြုံများနှင့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုကို တုံ့ပြန်ဆောင်ရွက်ခြင်း နှင့် ကိုင်တွယ်ဖြေရှင်းရာတွင် ဘာသာရေးအသိုင်းအဝန်းများ၏ အလားအလာရှိသော ပူးပေါင်းပါဝင်မှု တို့ကို ဖြန့်ကြက်လေ့လာရန်ဖြစ်သည်။ သုတေသနလေ့လာမှုနှင့်အတူ Tearfund အနေဖြင့် ဘာသာရေး နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဆိုင်ရာအသိပညာ အရင်းအမြစ်တည်ထောင်ရန် စတင်လျှက်ရှိပြီး ရှင်သန်ကျန်ရစ်သူများအား ကူညီပံ့ပိုးရန် ကွန်ယက်တစ်ခုကိုလည်း မြန်မာနိုင်ငံအတွင်းတွင် အစပြုလျှက်ရှိပါသည်။ ဤအသိပညာအသစ်များအားဖြင့် ဘာသာရေး ခေါင်းဆောင်များကို တို့ထိရွေ့လျားစေကာ လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု ကင်းစင်သောကျန်းမာ ပျော်ရွှင်သည့် မိသားစုများနှင့် လူမှုအသိုင်းအဝန်းများ မြှင့်တင်ရန်အတွက် လည်းကောင်းထိုသို့ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတစ်ဝှမ်းရှိ လူမှုအသိုက်အဝန်းများ အကြားငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့မှုကို တွန်းအားပေးနိုင်စေရန် အတွက်လည်း ကောင်းမျှော်လင့်ပါသည်။

ခရေစေ့တွင်းကျတွေ့ဆုံမေးမြန်းမှုများကို မြန်မာနိုင်ငံအတွင်းနေရာဒေသ ၄ ခု အတွင်းရှိ လူမှုရပ်ရွာများ အတွင်းတွင် ပြုလုပ်ခဲ့ပြီး ၎င်းတို့တွင်ပဋိပက္ခရှိ၊ ပဋိပက္ခလွန် နှင့် ပဋိပက္ခဖြစ်ပွားမှု မရှိသောဒေသများ (ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ် နှင့် တနင်္သာရီတိုင်း) တို့ပါဝင်သည်။ ရှင်သန်ကျန်ရစ်သူ ၂၀ ဦး (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ ၁၈ ဦး၊ ငယ်ငယ်ရွယ်ရွယ်ဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရပြီးနောက် သတ်ဖြတ်ခံရသူတို့၏ မိခင် ၂ ဦး)၊ ဘာသာရေးခေါင်းဆောင် ၂၇ ဦး (အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၆ ဦး)၊ ရပ်ရွာ အကြီးအကဲ ၁၁ ဦး(အမျိုးသား ၄ ဦး၊ အမျိုးသမီး ၇ ဦး) အား တွေ့ဆုံမေးမြန်းခဲ့ကာ ရပ်သူရွာသားများ နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း ၉ ခု (အမျိုးသမီး ၁၀၂ ဦး) တို့ကို ပြုလုပ်ခဲ့သည်။ ဤသုတေသနအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ရာတွင် အခြေခံသီအိုရီ သတ်မှတ်ချက်များအားအသုံးပြုကာ မြေယူဆင်ခြင်သည့် နည်းလမ်းကို အချက်အလက်များ စိစစ်သုံးသပ်ရာတွင်အသုံးပြုသည်။

အကြမ်းဖက်ခံရပြီးနောက် ရှင်သန်ကျန်ရစ်သူများအား လွှမ်းမိုးထိန်းချုပ်ထားသည်များမှာ ရှက်ရွံ့ခြင်း၊ အသရေပျက်ခြင်း၊ ငြင်းပယ်ခံရခြင်း နှင့် မိမိကိုယ်ကို အန္တရာယ်ပြုမှုတို့ဖြစ်သည်။ အမျိုးသမီး ၃ ဦး (တွေ့ဆုံမေးမြန်းခဲ့သည့် ၁၅%) က ၎င်းတို့၏ ဘာသာရေးအသိုက်အဝန်းမှ အပြစ်ပေးခြင်းအကြောင်းကို အသေးစိတ်ဖော်ပြခဲ့ကြပြီး ရှင်သန်ကျန်ရစ်သူ၏ အပြစ်အနေဖြင့် မှတ်ယူကာ အပြစ်ဝန်ခံရန် နှင့် ခွင့်လွှတ်မှုကိုတောင်းခံရန်တို့ဖြစ်ကြသည်။ ယေဘုယျအားဖြင့် ရှင်သန်ကျန်ရစ်သူများအနေဖြင့် မိမိတို့၏အတွေ့အကြုံများအား ပြန်လည်ပြောပြရန် များစွာခက်ခဲခဲ့ပြီး ရှက်ရွံ့ခြင်း နှင့် သစ္စာမဲ့ခြင်းခံရသည့် သဘောကို ရပ်ရွာအားစွန့်ခွာခဲ့ရသည့် ရှင်သန်ကျန်ရစ်သူ ၃ ဦး ( ၁၅% ) ထံတွင် ရှင်းလင်းစွာတွေ့ မြင်ခဲ့ရသည်။ သူမ၏ ဘာသာရေးအသိုင်းအဝန်းမှ ပြန်လည်လက်ခံစေရေးအတွက် ရှင်သန်ကျန်ရစ်သူတစ်ဦးသည် သူမအား အကြမ်းဖက်ကျူးလွန်ခဲ့သူအား လက်ထပ်ခဲ့ရလေသည်။

အလွန်အနည်းငယ်မျှသော အမျိုးသမီးများကသာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တွေ့ကြုံရပြီးနောက်တွင် ဝန်ဆောင်မှုများကိုရရှိခဲ့သည်။ ရှင်သန်ကျန်ရစ်သူ ၃ ဦး ( ၁၅% ) က ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခဲ့သည်။ ရှင်သန်ကျန်ရစ်သူ ၅ ဦး (၂၅%) က တရားစွဲဆိုခြင်းကို လုပ်ဆောင်နိုင်ခဲ့ပြီး ၎င်းမှာလည်း အမျိုးသမီးအဖွဲ့အစည်းများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ သို့တည်းမဟုတ် အသင်းတော်အဖွဲ့အစည်းများအတွင်းရှိ အမျိုးသမီးဌာနများ၏ ပါဝင်အားဖြည့်လုပ်ဆောင်မှုများကြောင့်သာ ဖြစ်လေသည်။ ရှင်သန်ကျန်ရစ်သူအားလုံးမှာ ဆင်းရဲခက်ခဲသည့် ဘဝနောက်ခံများမှ ဖြစ်ကြပြီး ရှက်ရွံ့သိမ်ငယ်ခြင်း နှင့် အသရေပျက်ရခြင်းများမှာ အမျိုးသမီးများအား ရပ်ရွာများထဲတွင် အလုပ်အကိုင်ရရှိရန်အတွက် ခက်ခဲစေသည်။ ရှင်သန်ကျန်ရစ်သူများအနေဖြင့် မိမိတို့ မိသားစုများအား လုံလောက်စွာကျွေးမွေးပြုစုနိုင်ရန်အတွက် ငွေကြေးရရှိနိုင်မည့်နည်းလမ်းများမှာ အမြဲအဆင်ပြေလှသည်မဟုတ်ဘေ။ အခြားသူများအား အားကိုးအားထားပြုနေရပြီး ထိခိုက်လွယ်ကာထပ်မံ အကြမ်းဖက်ခံရမှု ကြုံတွေ့နိုင်ပေသည်။ ယေဘုယျအားဖြင့် ရှင်သန်ကျန်ရစ်သူများသည် ဘာသာရေးအသိုင်းအဝန်း မှ ပါဝင်လုပ်ဆောင်ပေးမှုအပေါ်တွင် အပြုသဘောမြင်ကြပြီး အမျိုးသမီး ၁၃ ဦး ( ၆၅% ) သည် အပြန်အလှန်ဖွင့်ဟပြောဆိုကာတစ်ဦး နှင့် တစ်ဦးထောက်ပံ့ကူညီပေးနိုင်မည့် ကွန်ရက်တွင်ပါဝင် ပတ်သက်ရန် စိတ်ပါဝင်စားကြသည်။ အဆိုပါကွန်ယက်တွင် မပါဝင်လိုသူအမျိုးသမီးများကလည်း ၎င်းကွန်ယက်သည်လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုကို ခံစားခဲ့ရသည့်အခြားသော သူများအကျိုးဖြစ်စေနိုင်သည်ဟု လက်ခံကြောင်းပြခဲ့ကြသည်။

© TEARFUND 2016

ထောက်ခံအကြံပြုလိုသည်မှာ ဘာသာရေး ခေါင်းဆောင်များအနေဖြင့် ထိုကွန်ယက်ကို အစပြုလုပ်ဆောင်ကြရန် နှင့် ဘာသာရေးအသိုင်းအဝန်းများ မှရေရှည်တည်တံ့ရန်အတွက် ထိန်းသိမ်းလုပ်ဆောင်ရန်ဖြစ်သည်။

ဘာသာရေးအသိုင်းအဝန်းများ နှင့် လက်တွဲလုပ်ဆောင်ခြင်းသည် အဓိကအဆင့်၊ ဒုတိယအဆင့် နှင့် တတိယအဆင့် ကြိုတင်ကာကွယ်မှုများကို မြှင့်မိစေသကဲ့သို့ ရှင်သန်ကျန်ရစ်သူ များအားပံ့ပိုးကူညီရာတွင် အဓိကကျပြီး တစ်ခါတစ်ရံတွင် အသက်ကယ်နည်းလမ်းများပင် ဖြစ်လေသည်။ ဘာသာရေး အသိုက်အဝန်းများ နှင့် ဘာသာရေးခေါင်းဆောင်များလက်ဝယ်ရှိသာအလားအလာများမှာအန္တရာယ်ရှိအပြုအမူများနှင့်စံသတ်မှတ်ချက်များအားအသွင်ပြောင်းခြင်း၊ မညီမျှမှုများအား ကိုင်တွယ်ဖြေရှင်းခြင်း၊ နားခိုရာ နှင့် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုပေးနိုင်ခြင်း၊ တရားဥပဒေ ကြောင်းအရရင်ဆိုင်လိုသော ရှင်သန်ကျန်ရစ်သူများအားပံ့ပိုးကူညီနိုင်ခြင်း၊ ရှင်သန်ကျန်ရစ်သူများအားငွေကြေးအရပံ့ပိုးမှုပေးနိုင်မည့် အစီအစဉ်များအတွက် အကြံပြုကူညီနိုင်ခြင်း နှင့် ပံ့ပိုးကူညီမှုဆိုင်ရာကွန်ယက်တည်ထောင်နိုင်ရန်အတွက် ကူညီပေးနိုင်မှုများဖြစ်ပေသည်။ လေ့လာမှု၏ တွေ့ရှိချက်များကဖော်ပြသည်မှာ ဘာသာရေးခေါင်းဆောင်များ နှင့် ဘာသာရေးအသိုင်းအဝန်းများသည် ဤကိစ္စရပ်အားကိုင်တွယ်ဖြေရှင်းမှုအတွက် အခြားကွန်ယက်များ၊ ဝန်ဆောင်မှုပေးသူများ နှင့် အတူလက်တွဲလုပ်ဆောင်ရန်အတွက် စိတ်ဆန္ဒ နှင့် အသိပညာဗဟုသုတများ အရင်းအမြစ်များဖြင့် အားဖြည့်ထားရန်လိုအပ်ပါသည်။ ဘာသာရေးနှင့်ရပ်ရွာအကြီးအကဲများသည် ရှင်သန်ကျန်ရစ်သူများ၏ လူနေမှုဘဝများအတွက် စိတ်ဝင်စားမှု နှင့် စာနာစိတ်ကို ဖော်ပြကြသော်လည်း နက်ရှိုင်း စွာစွဲနစ်နေသည့် စိတ်နေသဘောများ၊ လူမှုစံသတ်မှတ်ချက်များ၊ ယုံကြည်မှုများအားဖြေလျှော့ချထားရန် နှင့် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုတွင် ရှင်သန်ကျန်ရစ်သူများအား အပြည့်အဝဂရုပြု ကူညီနိုင်ရေးအား ကိုင်တွယ်ဆောင်ရွက်ရပေမည်။ အနှစ်ချုပ်အားဖြင့် လူမှုအသိုက်အဝန်းအတွင်း အပြုသဘောဆောင်သော လူမှုစံနှုန်းများ ပြောင်းလဲဖြစ်ပေါ်ရန်အတွက် ယဉ်ကျေးမှုအပြောင်းအလဲဖြစ်ပေါ်ရန်မှာ လိုအပ်ပြီး ဤသို့ဖြစ်ပေါ်ရန်မှာ ပြောင်းလဲလိုစိတ်ကို ပုံစံနမူနာ ပြုလုပ်ဆောင်ရမည်ဖြစ်ပေသည်။ ဘာသာရေးအသိုက်အဝန်းများ သည် အကြမ်းဖက်ခံရသူများအား သက်သောင့်သက်သာရှိပြီး ပွင့်လင်းစွာပြောဆိုနိုင်သည့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကာင်းတစ်ခုကိုတည်ဆောက်ပေးရန်လိုအပ်ပေမည်။ ဤအချင်းအရာမှာ နှစ်ရှည်လကြာ

စိတ်စွဲမြဲစွာဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ကာ လူမှုကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုလည်းလို

အပ်မည်ဖြစ်သည်။ ဘာသာရေးခေါင်းဆောင်များအတွက်နှိုးဆော်အကြံပြုချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

၁။ ရှင်သန်ကျန်ရစ်သူများ၏ လိုအပ်ချက်များကို ဂရုပြုကူညီပေးခြင်း (နှစ်သိမ့်ဆွေးနွေးခြင်း၊ လက်ခံအသိအမှတ်ပြုခြင်း၊ ဝန်ဆောင်မှုပေးသူများ နှင့် ချိတ်ဆက်ပေးခြင်း၊ ငွေကြေး နှင့် ကျွမ်းကျင်မှုအတတ်ဆိုင်ရာပံ့ပိုးကူညီမှု စသည်ဖြင့်)

၂။ ရှင်သန်ကျန်ရစ်သူအား ကုစားပေးရာတစ်လျှောက်တွင် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုကိုပေးရန်

၃။ ရှင်သန်ကျန်ရစ်သူများ ဖွင့်ဟပြောဆိုနိုင်ရန်အတွက် လုံခြုံသောနေရာကိုစီစဉ်ပေးရန်

၄။ ရှင်သန်ကျန်ရစ်သူများအတွက် ရေရှည်တည်တံ့မည့်ပံ့ပိုးမှု ကွန်ယက်ကိုထူထောင်ရန်

၅။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှု၊ လက်ရှိတရားစီရင်ရေးစံနစ် နှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတ၊ ဘာသာရေးအသိုင်းအဝန်းများအတွင်း အသိအမြင်တို့ကိုမြှင့်တင်ပေးရန်

၆။ အန္တရာယ်ရှိစေသည့် မဟာဗိုဝါဒ နှင့် ကျားမရေးရာတန်းတူမညီမျှမှုများကို တည်တံ့စေသည့် လူမှုရေးစံသတ်မှတ်ချက်များအား ဆန့်ကျင်ရာတွင်တက်ကြွစွာဖြင့် လုပ်ဆောင်ရန်

၇။ ဒေသအတွင်း နှင့် နိုင်ငံတစ်ဝှမ်း၊ ဒေသခံကွန်ယက်များဖြင့် လက်တွဲလုပ်ဆောင်ပြီး ရှင်သန်ကျန်ရစ်သူများအား ထိထိရောက်ရောက်တုန့်ပြန်ဆောင်ရွက်ပေးနိုင်စေရေးအတွက် စွမ်းဆောင်ရည် တည်ဆောက်ရန်

၈။ အကြမ်းဖက်ကျူးလွန်သူများအား ထပ်မံအကြမ်းဖက်ခြင်းမျိုးမပြုလုပ်ရန်အတွက် ပြန်လည်ထူထောင်ခြင်း နှင့် ရေရှည်ကြိုတင်ကာကွယ်မှု လုပ်ငန်းများကိုဆောင်ရွက်ရန်။

# နိဒါန်း

## လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများ

လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများသည် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် လူ့အခွင့်အရေးများတို့ အားဆိုးရွားစွာ ချိုးဖောက်ခြင်းဖြစ်ကာ သန်း နှင့် ချီသော အမျိုးသမီးထုအား ငြိမ်းချမ်းသောအချိန် နှင့် ပဋိပက္ခဖြစ်စဉ်ကာလများတစ်လျောက်တွင် အကျိုးသက်ရောက်ထိခိုက်စေပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် အမျိုးသမီး ၃ဦးလျှင် တစ်ဦးသည် ရင်းနှီးကျွမ်းဝင်သူများ၏ အကြမ်းဖက်မှုကိုခံစားနေရပြီး၊ ၁၅ဦးလျှင် တစ်ဦးသည် သူစိမ်းတို့၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံစားနေရကြသည်။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများသည် လူ့အဖွဲ့အစည်း၏ ကိုးကွယ် ယုံကြည်မှုပုံစံနှင့် ဓလေ့ထုံးစံများ အပါအဝင် လူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်နွယ်မှု၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ အစရှိသည့် အခြေအနေများ နှင့် ယှက်နွယ်လွှမ်းမိုးမှုရှိသည်။ အဆိုပါ အချက်အလက်များကို 'ပတ်ဝန်းကျင် နှင့် ဆက်စပ်မှုပြ' ဇယား(၁)တွင် အကြမ်းဖက်ခံရသူများ အနေဖြင့် ထောက်ပံ့ကူညီမှု၊ ဂရုစိုက်ခံရမှု နှင့် တရားမျှတမှုတို့အားမည်မျှလက်ခံနိုင်စွမ်းရှိသည် ဆိုခြင်း အပေါ် ကဏ္ဍအသီးသီး ခွဲခြားဖော်ပြထားပါသည်။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု သဘောတရားကို နားလည်စေရန် နှင့် ကြိုတင်ကာကွယ်ရေး လုပ်ထုံး လုပ်နည်းများ၊ နည်းလမ်းများ (Prevention Mechanism)၊ တုန့်ပြန်နိုင်မည့် နည်းလမ်းများကိုဖော်ထုတ် သတ်မှတ်ထားရန်အတွက် လူမှုယဉ်ကျေးမှုဆိုင်ရာရေခံမြေခံများသည် ရှင်သန်ကျန်ရစ်သူများ၏ ကျန်းမာရေးနှင့် သက်သောင့်သက်သာဖြစ်မှုအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ဇယား(၁)။ ပတ်ဝန်းကျင် နှင့် ဆက်စပ်မှုပြဇယား(Ecological Model)

| Ecological level<br>ပတ်ဝန်းကျင်အဆင့် | Factors influencing care, support and justice<br>ဂရုစိုက်ခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့် တရားမျှတခြင်းဆိုင်ရာ လွှမ်းမိုးသည့်အချက်များ |
|---|---|
| လူ့အဖွဲ့အစည်း | လူမျိုးစု၊ ကျား/မရေးရာ နှင့် လိင်ပိုင်းဆိုင်ရာယုံကြည်မှုတို့အပေါ် အခြေခံသည့် မညီမျှမှု<br>ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာယုံကြည်မှုများ<br>စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ မူဝါဒများ |
| ရပ်ရွာအသိုင်းအဝန်း | လိင်ပိုင်းဆိုင်ရာ ထိခိုက်မှုအပေါ် သည်းခံနိုင်မှု<br>တာဝန်ရှိသူ ရဲ/ တရားစီရင်ရေးစနစ်၏ ပံ့ပိုးမှုအားနည်းခြင်း<br>ဆင်းရဲမွဲတေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း<br>ကျူးလွန်သူကို အရေးယူဆောင်ရွက်ရန်အတွက် ရပ်ရွာအသိုင်းအဝန်း အားနည်းခြင်း |
| ဆွေမျိုး | လိင်ပိုင်းဆိုင်ရာ စိတ်လှုပ်ရှားမှုဖြစ်စေသည့် ရှယ်တူအချင်းချင်း ပူးပေါင်းမိခြင်း<br>မိသားစု၏ စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှု မရှိခြင်း<br>ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း/ အမျိုးသား (ဖခင်) များလွှမ်းမိုးမှုအားကြီးခြင်း |
| သီးခြားပုဂ္ဂိုလ်များ | အကြမ်းဖက်မှုကို တွန်းအားပေးသော စိတ်နေသဘောထားနှင့် သက်ဝင်ယုံကြည်မှုများ<br>မယဉ်ကျေးသောအပြုအမူများ<br>မူးယစ်ဆေးဝါး နှင့် အရက်အလွန်အမင်းသုံးစွဲမှု<br>ငယ်စဉ်က လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံစားခဲ့ရသော အတွေ့အကြုံ |

© TEARFUND 2016




Map of Myanmar (United Nations)

# မြန်မာနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာရေခံမြေခံအနှစ်ချုပ်

ပြည်တွင်းစစ်ပဋိပက္ခများ နှင့် နှစ် ၆၀ ကြာရင်းနှီးခဲ့ရသော မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ စတင်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလသို့ အဆင့်ဆင့်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ဤကဲ့သို့သောသမိုင်းဝင်ဖြစ်စဉ်အတွင်း၌ပင် အုပ်စုလိုက် အကြမ်းဖက်ခြင်းများ၊ လက်နက်ကိုင် အဖွဲ့များအချင်းချင်းကြား ပဋိပက္ခဖြစ်ခြင်းများ နှင့် လွန်ခဲ့သည့် ၅ နှစ်တာ ကာလအတွင်း သဘာဝအရင်းအမြစ်များအားရယူအပိုင်စီးလိုမှု နှင့် စပ်လျဉ်းသည့် ပဋိပက္ခ များသည် ပိုမို ကြီးမားလျက်ရှိသည်။

၂၀၁၅ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံသားများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အင်တိုက်အားတိုက်မဲပေးထောက်ခံကာဒီမိုကရေစီ အသွင်ပြောင်းအောင်မြင်မှုကိုဖော်ဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်မတူညီသောလူမျိုးနွယ်စုပေါင်း ၁၃၅ ကျော်ခန့်ရှိကာများပြားရောယှက်နေသည့် လူ့အဖွဲ့အစည်းတစ်ခုအဖြစ်တွေမြင်ရသည်။ လူဦးရေအများစုသည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ၎င်းနောက်တွင်ခရစ်ယာန် (ကာသိုလိပ်၊ အင်္ဂလီကန် နှင့် အခြားအနည်းငယ်သော ပရိုတက်စတင့်ဂိုဏ်းဂဏများ)၊ ထို့နောက်အစ္စလာမ် (ဆွန်နီအများစု) နှင့် ဟိန္ဒူ အပြင် နတ်ကိုးကွယ်သူများဖြစ်ကြသည်။

အဓိကအားဖြင့်ဖော်ပြလိုသည်မှာ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့် သည်ဗုဒ္ဓဘာသာဝင်များဖြစ်ကာ ခရစ်ယာန် ၄ ရာခိုင်နှုန်း၊ အစ္စလမ် ၄ ရာခိုင်နှုန်း ခန့်ဖြစ်ကြသည်။ ခရစ်ယာန်ဘာသာသည် ချင်း၊ ကချင်၊ ကရင် နှင့် ကယားတိုင်းရင်းသားများအကြားလွှမ်းမိုးအားကောင်းကာ ခန့်မှန်းခြေအားဖြင့် ချင်း နှင့် ကချင်လူမျိုးနွယ်စုများ၏ ၉၀ ရာခိုင်နှုန်းမှာ ခရစ်ယာန်များဖြစ်ပြီး အများစုသည် နှစ်ခြင်းခရစ်ယာန်များဖြစ်သည်။ နာဂအပါအဝင် အခြားသော မျိုးနွယ်စုငယ်များ အကြားတွင်လည်း ခရစ်ယာန်ဘာသာသည် ပျံ့နှံ့လျက်ရှိသည်။ လူမျိုးနွယ်စုငယ်များ၏ လူနေမှုဘဝတွင်ခရစ်ယာန်ဘာသာသည် ထင်ထင်ရှားရှားအကျိုးသက်ရောက်မှုရှိစေခဲ့ပြီး လူမျိုးစု၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာဝိသေသနများ ဖော်ဆောင်ရာတွင် တူညီနီးစပ်ကာ ခွဲခြားရန်ခက်ခဲစေခဲ့သည်။

လူငယ်ထု အပါအဝင် ကမ္ဘာအနှံ့အပြားမှ လူသားများ၏ ကိုယ်ပိုင်ဝိသေသလက္ခဏာ အတွက် ဘာသာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင် ပြည်သူများ၏ နေ့စဉ်ဘဝ၌ဘာသာရေးသည် နက်ရှိုင်းစွာ ယှက်နွယ်လျက်ရှိပြီး ကျားမရေးရာ နှင့် အကြမ်းဖက်မှု တို့အပေါ် နားလည်မှုပုံစံအား နှစ်ရှည်ကြာပဋိပက္ခများနှင့် ဘာသာရေးဆိုင်ရာအလေ့အထများက ပြုစုပုံသွင်းလျက်ရှိသည်ကို တွေ့ရသည်။ မကြာမတင်မီက ကျားမရေးရာတန်းတူညီမျှမှု လေ့လာ ဆန်းစစ်ချက်အရ မြန်မာနိုင်ငံရှိအမျိုးသားများနှင့်အမျိုးသမီးများအကြား သာတူညီမျှမှုမရှိသည့် ကျားမရေးရာဆက်နွယ်မှုများသည် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်တွင်ဘာသာရေးနှင့် ယဉ်ကျေးမှုများအတွင်း နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိသည်ကိုဖော်ပြခဲ့ပြီး ၎င်းအချက်အလက်မှာ အမျိုးသမီး ထုအနေဖြင့်စိန်ခေါ်မှုပြုရန်ခက်ခဲစေပါသည်။ အမျိုးသမီးများ၏အခွင့်အရေး တက်ကြွလှုပ်ရှားသူ များအားအဆိုပါစိန်ခေါ်မှုများကလုပ်ဆောင်ချက်များအားသေးသိမ်စေခြင်း နှင့် ငြင်းဆိုခြင်းများအကြိမ်ကြိမ်ပင်ပြုလုပ်လျက်ရှိပေသည်။ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုများအား လိုအပ်သည့် တုန့်ပြန်အရေးယူမှုများ ဆောင်ရွက်နိုင်ရန် အတွက် ဘာသာရေးအဖွဲ့အစည်းများ၏ အားကောင်းသောအခန်းကဏ္ဍကို သေချာစေရန်မြန်မာနိုင်ငံ၏ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အခြေခံတည်ဆောက်မှုပုံစံကို ထဲထဲဝင်ဝင်လေ့လာရန်မဖြစ်မနေ လိုအပ်လျက်ရှိပါသည်။

## မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှု

ပဋိပက္ခဖြစ်စဉ် အတွင်းနှင့် ပဋိပက္ခလွန်ကာလများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံမျိုးစုံရှိခဲ့ပြီး အထူးသဖြင့် စစ်မက်ရေးရာ နှင့် ဆက်စပ်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုများ ဖြစ်ခဲ့ကြောင်း အထောက်အထားများ ရှိခဲ့သည်။ သို့ရာတွင် ပဋိပက္ခဖြစ်ပွားချိန်၊ ပြောင်းရွှေ့နေရာချထားချိန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်များတွင် မိသားစု အတွင်း နှင့် ရပ်ရွာအတွင်း အကြမ်းဖက်မှုများ (အိမ်တွင်းအကြမ်း ဖက်မှုအပါအဝင်) မကြာခဏပင် ဖြစ်ပွားကြောင်းတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်နေစဉ်နှင့် ပဋိပက္ခလွန်ကာလများတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ကောင်းစွာ မှတ်တမ်းတင်နိုင်ခြင်းမရှိခဲ့ပေ။ အဓိကအားဖြင့် ပဋိပက္ခဖြစ်နေစဉ် နှင့် ပဋိပက္ခလွန်ကာလအတွင်းများကို သာစူးစိုက်လေ့ရှိသည်။ သို့ရာတွင် မကြာသေးမီကသုတေသန၏ လေ့လာဆန်းစစ်ချက်အရအထိုက်အလျောက်ငြိမ်းချမ်းနေသည့်အချိန်များတွင်လည်းအမျိုးသမီးများအနေဖြင့် မတူညီသည့်ပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခံရခြင်းများ တွေ့ကြုံရနိုင်ကြောင်းဖော်ပြလျက်ရှိနေသည်။ အမျိုးသမီးများတွေ့ကြုံရသော အကြမ်းဖက်မှုများသည် သူစိမ်းများကသာ ပြုလုပ်သည်မဟုတ်ဘဲ ရင်းနှီးသောသူများ၊ မိသားစုဝင်များအတွင်းမှ ပြုလုပ်လေ့ရှိသလို၊ အတူနေနီးစပ်သောသူများမှလည်း ပြုလုပ်လေ့ရှိကြောင်း တွေ့ရသည်။ အတူနေအဖော်ရင်းနှီးသူများက ပြုလုပ်သည့် အကြမ်းဖက်မှုများမှာ စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများက အများစုဖြစ်ပြီး၊ သူစိမ်းများက ပြုလုပ်သော အကြမ်းဖက်မှုများမှာ အဓမ္မမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် လိင်ပိုင်းဆိုင်ရာထိကပါးရိကပါးပြုမှုတို့ အများစုဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ကြီးထွားလာမှု နှင့် ယခင်ဖြစ်ပွားခဲ့သည့် အထောက်အထားများကို အခြေပြုပြီး တုန့်ပြန်ဆောင်ရွက်နိုင်ရန် အမျိုးသမီး အဖွဲ့များနှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများက တိုက်တွန်းနှိုးဆော်လျက်ရှိသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံအစိုးရမှ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများအား တားဆီးကာကွယ် သည့် ဥပဒေကြမ်း (VAW) ကိုရေးဆွဲလျက်ရှိသည်။ အဆိုပါ ဥပဒေ နှင့် မူဝါဒများသည် အမျိုးသမီးများ၏ အနာဂတ်ကိုထိထိရောက်ရောက်အကျိုးရှိစေသည့် အတွက် ဘာသာရေးခေါင်းဆောင်များ နှင့် ဘာသာရေးအဖွဲ့ အစည်းများအပါအဝင် အခြားအခြားသောအဓိကဆောင်ရွက်သူများ (key players) ကလည်း ပူးပေါင်းပါဝင်ရန်လိုအပ်သည်။

© TEARFUND 2016

# သုတေသန ရည်ရွယ်ချက်

ဤလေ့လာဆန်းစစ်ချက်မှာ Tearfund မှ အာရှဒေသတွင် ပထမဆုံးပြုလုပ်ခဲ့သော သုတေသနဖြစ်ကာ အခြေခံသဘောဆန်သည့်သုတေသနပုံစံဖြစ်သည်။ Tearfund အဖွဲ့သည် ပဋိပက္ခဖြစ်ပွားသော အာဖရိကနိုင်ငံများတွင် အလားတူ သုတေသနများကို ပြုလုပ်ခဲ့သည် (ကွန်ဂို၊ ဘူရမ်ဒီ၊ ရဝမ်ဒါ၊ တောင်အာဖရိက နှင့် ဇဟိုအာဖရိကတို့ အပါအဝင်)။

ယခုသုတေသန၏ အဓိကရည်ရွယ်ချက်မှာ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့် စော်ကားခံရသူများ ၏ အတွေ့အကြုံများကို ဖော်ထုတ်ရန် နှင့် လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုများကို တုန့်ပြန်ရာတွင် ဘာသာရေးအခြေပြုလူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ကူညီနိုင်မှုအလားအလာများတို့ကိုလေ့လာဖော်ထုတ်ရန်ဖြစ်ပါသည်။ ဤလေ့လာမှုနှင့်အတူ Tearfund အနေဖြင့် ဘာသာရေး နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဆိုင်ရာအသိပညာအရင်း အမြစ်တစ်ခု တည်ထောင်ရန်စတင်လျှက်ရှိပြီး ရှင်သန်ကျန်ရစ်သူများအား ကူညီပံ့ပိုးရန်ကွန်ယက် တစ်ခုကိုလည်း မြန်မာနိုင်ငံအတွင်းတွင်အစပြုလျှက်ရှိပါသည်။ ဤအသစ်သောဗဟုသုတများ အားဖြင့်ဘာသာရေးခေါင်းဆောင်များသည် အကြမ်းဖက်မှုကင်းပြီး ကျန်းမာပြည့်စုံသော မိသားစုများ၊ လူမှုအဖွဲ့အစည်းများအား ကောင်းလာစေရန် အားပေးမြေတောင်မြှောက်ခြင်းများလှုပ်ရှား ဆောင်ရွက်လာမည်ဟုမျှော်လင့်ပါသည်။ ထို့အတူပင်တိုင်းပြည် အနှံ့ရှိလူထုအသိုက်အဝန်းများအကြားငြိမ်းချမ်းရေး နှင့် ရင်ကြားစေ့ရေးတို့ ခိုင်မာအားကောင်းလာစေရန်လည်း ရည်ရွယ်သည်။

# သုတေသနနည်းလမ်းများ

## စစ်တမ်းနမူနာ နှင့် တည်နေရာ

စစ်တမ်းနမူနာအဖြစ်ပါဝင်မည့်သူများအား ရွေးချယ်ရာတွင် ဘာသာရေးအခြေပြုအဖွဲ့အစည်းများ နှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ အားချိတ်ဆက်ရန်အတွက်ဒေသခံပေါင်းကူးအဖွဲ့အစည်းများ၏ အကူအညီကိုရယူကာရည်ရွယ် ထုတ်နှုတ်ကောက်ယူခြင်းနည်းလမ်းကို အသုံးပြုပါသည်။ အဆိုပါနည်းလမ်းသည်တွေ့ရှိချက်များအား ယေဘုယျကောက်ချက်ချရန်မဟုတ်ဘဲ တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်သူတစ်ဦးချင်း၏ အတွေ့အကြုံများနှင့်အမြင်များတို့ကိုသာ ဦးတည်၍ လုပ်ဆောင်ခဲ့သည်။ စစ်တမ်းနမူနာအတွက်စံသတ်မှတ်ချက်များ နှင့်ကိုက်ညီသော ရှင်သန်ကျန်ရစ်သူ ၂၀ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဘာသာရေးခေါင်းဆောင် ၂၇ဦး (အမျိုးသမီး ၁၁၊ အမျိုးသား ၁၆)၊ ရပ်ရွာလူထုခေါင်းဆောင် ၁၁ ဦး (အမျိုးသမီး ၄၊ အမျိုးသား ၇)၊ လူမှုအခြေပြုဦးတည်အုပ်စု ၉ စုမှ အမျိုးသမီး ၁၀၂ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံအရပ်ရပ်မှ ဒေသခံသုတေသီများကို ဇူလိုင်လ ပထမပတ်တွင် ရန်ကုန်မြို့၌ သင်တန်းပို့ချပေးပြီး သုတေသနလုပ်ငန်းကာလမှာ ဇူလိုင် ၆ရက်နေ့မှ စက်တင်ဘာ ၁၇ရက်နေ့အထိ ဖြစ်သည်။ ဒေသခံသုတေသီများကသာ အကြမ်းဖက်မှုခံစားရသူများ (ရှင်သန်ကျန်ရစ်သူများ) နှင့် အခြားစစ်တမ်းနမူနာအဖြစ်ပါဝင်သူများကို တွေ့ဆုံမေးမြန်းခဲ့ပြီး၊ သုတေသနခေါင်းဆောင်အနေဖြင့် skype သို့မဟုတ် ဖုန်းကို အသုံးပြုပြီး အဝေးမှ ပံ့ပိုးကူညီခြင်းကို သုတေသနလုပ်ငန်းစဉ်တစ်လျောက်လုပ်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိဒေသ ၄ ခုအထူးသဖြင့်ပဋိပက္ခဖြစ်ပွားရာဒေသ၊ ဖြစ်ပြီးဒေသ နှင့် ပဋိပက္ခကင်းမဲ့သည့် ဒေသများ (တနင်္သာရီ၊ ကချင်၊ ပဲခူး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်) တွင် ခရေစေ့တွင်းကျ တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ခဲ့သည်။ ရပ်ရွာအများစုသည် နာဂစ်မုန်တိုင်းဒဏ် သို့မဟုတ် ဖြစ်ပွားလျက်ရှိသော ပြည်တွင်း စစ်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသူများဖြစ်သည်။ ပေါင်းကူးအဖွဲ့အစည်းများက ရပ်ရွာလူမှုအသိုင်းအဝန်းများကို ဖော်ထုတ်ပေးခြင်း၊ ရှင်သန်ကျန်ရစ်သူများထံချဉ်းကပ်ပေးခြင်း၊ ဘာသာရေး ခေါင်းဆောင်များ နှင့် ရပ်ရွာလူများ၏ စိတ်ဝင်စားစွာပူးပေါင်းပါဝင်မှုရှိလာစေရေးတို့ကိုဆောင်ရွက်ခဲ့သည်။

## သုတေသနကွင်း ၁ ။ ပဲခူးဒေသ

ပဲခူးဒေသတွင်နိုင်ငံလူဦးရေ၏ ၁၀ရာခိုင်နှုန်းခန့်နေထိုင်ကြပြီး လွင်ပြင်ကျယ်မြေမျက်နှာပြင်ဖြစ်ကာ မြန်မာနိုင်ငံ၏ ဆန်စပါး ထုတ်လုပ်ရေးတွင် အဓိကကျပေသည်။ ပဲခူးဒေသသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း ဒေသတောင်ဘက်ယွန်းယွန်းတွင် တည်ရှိကာ တိုင်း နှင့် ပြည်နယ် ၇ ခု နှင့် ဆက်စပ်နေပြီး တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ရှိသည်။ ကျေးလက်နေလူဦးရေများပြား ပြီးနေထိုင်သူများတွင် ဗမာဗုဒ္ဓဘာသာဝင်အများစုဖြစ်ကာဒေသ၏ အရှေ့ဘက်ပိုင်းတွင်ကရင်လူမျိုးများနေထိုင်ကြသည်။ ဒေသ၏ အရှေ့ဘက်ပိုင်းသည်လက်နက်ကိုင်အုပ်စုအဖွဲ့များ အကြားပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကာလရှည်ကြာ တွေ့ကြုံခဲ့ရပြီး ယခုလက်ရှိတွင်မူအပစ်အခတ် ရပ်စဲလျှက်ရှိသည်။ ပဲခူးဒေသအတွင်း ပဋိပက္ခလွန်အခြေအနေ အဖြစ်အဆိုပါဒေသမှ ရပ်ရွာ ၂ ခု အားသုတေသနလုပ်ငန်းတွင် ရွေးချယ်ထားရှိခဲ့ပါသည်။

## သုတေသနကွင်း ၂။ ဧရာဝတီဒေသ (မြစ်ဝကျွန်းပေါ်)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည်မြန်မာနိုင်ငံ၏တောင်ဘက်ပိုင်းတွင်တည်ရှိကာစပါးသီးနှံအဓိကစိုက်ပျိုးထုတ်လုပ်ခြင်း၊ ငါးဖမ်းလုပ်ငန်း နှင့် သစ်ထုတ်လုပ်ငန်းများရှိပြီး ဒီရေရောက်လမုတောရှုံ့နွံပြင်များကိုလည်းတွေ့ရသည်။ ဧရာဝတီမြစ်၏ ပို့ချမှုကြောင့်အရှေ့တောင်အာရှတွင်အကြီးဆုံးသောမြေနုလွင်ပြင်တစ်ခုဖြစ်လာပြီး စိုက်ပျိုးရေးလုပ်ငန်းများကြောင့် လူဦးရေထူထပ်သောဒေသလည်း ဖြစ်လေသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် တိုက်ခတ်သော ပြင်းထန်သည့် နာဂစ်မုန် တိုင်းကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်ခန့်မှန်းခြေ ၈၄၅၀၀ ဦးနှင့် ပျောက်ဆုံး ၅၃၈၀၀ ဦးခန့်ရှိခဲ့သည်။ လူအများအပြားရွှေ့ပြောင်းနေရာချထားရမှုအပါအဝင် လူဦးရေ ၂ သန်း ၄ သိန်းကျော်အားထိခိုက်နစ်နာစေခဲ့ကာ ဧရာဝတီဒေသသည်ထိခိုက်မှုနောက်ဆက်တွဲဂယက်များ နှင့်အကူအညီများအကြားတွင်လူးလွန့်ရုန်းကန်ရဆဲဖြစ်လေသည်။ ဤဘေးအန္တရာယ်သင့်ခဲ့သည့် ဒေသရှိရပ်ရွာ ၂ ခုမှ စစ်တမ်းနမူနာအဖြစ်ပါဝင်သူများကိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။

## သုတေသနကွင်း ၃။ ကချင်ပြည်နယ်

ကချင်ပြည်နယ်သည်မြန်မာနိုင်ငံမြောက်ပိုင်းတွင်တည်ရှိပြီးအနောက်ဘက်တွင်အိန္ဒိယနိုင်ငံနှင့် အရှေ့ဘက်နှင့်မြောက်ဘက်တွင် တရုတ်နိုင်ငံတို့ဖြင့်ထိစပ်လျှက်ရှိသည်။ ကချင်ပြည်နယ်၏တောင်ဘက်ပိုင်းသည်ရှမ်းပြည်နယ်နှင့်ထိစပ်ကာ အနောက်ဘက်ပိုင်း သည်စစ်ကိုင်းတိုင်းနှင့် နယ်နမိတ်ထိဆက်နေသည်။ ကချင်ပြည်နယ်သည် သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝသော်လည်းလူမှုဘဝများနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားဆိုးရွားပြင်းထန်စွာထိခိုက်စေသည် မှာ နှစ် ၃၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော အစိုးရ နှင့် ကချင်လွတ်လပ်ရေးတပ်ဖွဲ့အကြားလက်နက် ကိုင်ပဋိပက္ခများပင်ဖြစ်သည်။ ဤသုတေသနလုပ်ငန်း၏ လူတွေ့မေးမြန်းမှုများအတွက်ပါဝင်မည့်သူ များအား စစ်ဘေးရှောင်စခန်း ၂ ခု မှ ရွေးချယ်ခဲ့ပါသည်။

## သုတေသနကွင်း ၄။ တနင်္သာရီဒေသ

တနင်္သာရီဒေသသည်မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်ခြမ်းတွင်တည်ရှိကာမြောက်ဖက်တွင်မွန်ပြည်နယ်၊ အရှေ့ဘက် နှင့် တောင်ဘက်တစ်လျောက်တွင်ထိုင်းနိုင်ငံ နှင့် အနောက်ဘက်တွင် အန်ဒမန် ပင်လယ်တို့ဖြင့် ထိစပ်လျှက်ရှိသည်။ ဤဒေသတွင်လက်နက်ကိုင်ပဋိပက္ခများအများအားဖြင့်ကင်းမဲ့သော်လည်းဒေသခံပြည်သူများသည်လက်နက်ကိုင်အဖွဲ့များအကြား အကြမ်းဖက်တိုက်ခိုက်မှုများ၊ မြေယာသိမ်းဆည်းမှု နှင့် ဒေသတွင်း စီးပွားဖြစ်သယံဇာတထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း များနှင့်ဆက်နွယ်ကာပြောင်းရွှေ့နေထိုင်ရမှုများအားတွေ့ကြုံခဲ့ကြပြီးဖြစ်သည်။ ဤဒေသရှိအချက်အလက်များမှာယေဘုယျအားဖြင့် မြန်မာနိုင်ငံကကန့်သတ်ကာဖော်ပြထားသည့်အတိုင်း ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူ ၇၁၆၅၀ ဦး နှင့် ခန့်မှန်းအားဖြင့် ထားဝယ်မြို့နယ်ဖက်မှ လူဦးရေ ၆၀၀၀ ခန့်သည် ထိုင်းနိုင်ငံအတွင်းရွှေ့ပြောင်းနေထိုင်ရသည်ဟုသိရှိရသည်။ ဤသုတေ သနလုပ်ငန်းစဉ်အတွက်စစ်တမ်းနမူနာအဖြစ်တွေ့ဆုံမေးမြန်းခဲ့သူများမှာတနင်္သာရီဒေသရှိ ပဋိပက္ခ လွန်ရပ်ရွာ ၂ ခု မှဖြစ်ပါသည်။

# ကျင့်ဝတ်

သုတေသနလုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင် ရန်အတွက် နိုင်ငံတကာကျင့်ဝတ်များ၊ စံသတ်မှတ်ချက်သဘောတူညီမှုများ၊ သဘောတူ လိုက်နာရမည့် စည်းမျဉ်းများကိုဒေသခံသုတေသီများကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ၄င်းကျင့်ဝတ်များကို အချက်အလက်များစုဆောင်းရာတွင်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာရာတွင် လည်းကောင်း ကျင့်သုံးရန်ဖြစ်သည်။

ကျင့်ဝတ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ခွဲခြားသတ်မှတ်ချက်များအား စည်းမျဉ်းစည်းကမ်း (၅)ခု အပေါ် အခြေခံ၍ သတ်မှတ်ခဲ့သည်။

(၁) ထိခိုက်နာကျင်မှုဖြစ်နိုင်ချေများလျော့ချရန်

(၂) အသိပေးသဘောတူညီချက်ရယူရန်

(၃) အမည်နာမနှင့် လျှို့ဝှက်အပ်သည့် အချက်များကို ကာကွယ်ရန်

(၄) လှည့်ပတ်ပြောဆိုသည့် အလေ့အကျင့်မှ ရှောင်ကျဉ်ရန်

(၅) ဖွင့်မပြောလိုပါက မပြောလိုသည့် အခွင့်အရေးကိုပေးရန်

ဤသုတေသနသည်ခြုံငုံမှုသေးငယ်ပြီးမြန်မာနိုင်ငံရှိဒေသခံ မိတ်ဖက်အဖွဲ့ အစည်းများ အတူအဖွဲ့အစည်းအတွင်း၌သာ လေ့လာခြင်းဖြစ်သည်။ ခေတ်ပြိုင်နိုင်ငံတကာစာစောင် ဂျာနယ်များတွင်ပုံနှိပ်ဖော်ပြရန်ရည်ရွယ်ချက်မရှိကဲ့သို့ အပြည့်ပြည့်ဆိုင်ရာသုံးသပ်အကဲဖြတ် ဘုတ်အဖွဲ့ အနေဖြင့်လည်းပါဝင်ပတ်သတ်မှုမရှိပါ။ ဤသုတေသန၏တွေ့ရှိချက်များသည် အခြားနိုင်ငံများတွင် (ကွန်ဂို၊ ဘူရမ်ဒီ၊ ရဝမ်ဒါ၊ တောင်အာဖရိကနှင့် ဇဟိုအာဖရိကနိုင်ငံများ) အောင်မြင်မှုရရှိသကဲ့သို့ ပင် Tearfund မှ ကူညီပံ့ပိုးမှုဖြင့် ရှင်သန်ကျန်ရစ်သူများ၏ နာကျင်ခံစားရ မှုများကို ဖြေလျှော့ကုစားနိုင်ရန် ၎င်းတို့ ၏ အနာဂတ် အတွက် ဘာသာရေးအဖွဲ့ အစည်းများမှ ဂရုပြုကူညီနိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ရှင်သန်ကျန်ရစ်သူများ၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းပေးခြင်းမှာ ဤလေ့လာဆန်း စစ်ချက်၏ အဓိကတာဝန်ပင်ဖြစ်သည်။ သုတေသန ပြုလုပ်သည့်နေရာသည် ကိုယ်တွေ့ကြုံသူများ နေထိုင်ရာဒေသမဟုတ်ဘဲ ကြားဒေသတခုတွင် ပြုလုပ်ခြင်းဖြစ်သည်။ ပူးပေါင်းအဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်များက ဘေးဒဏ်ခံရသူများကို အဖော်ပြုပေးကာလိုအပ်သည့်လမ်းစားရိတ်များကို ပံ့ပိုးပေးခဲ့ပါသည်။ ရှင်သန်ကျန်ရစ်သူများသည် တွေ့ ဆုံမေးမြန်းမှုကို ၎င်းတို့ ကြိုက်သည့် အချိန်တွင် အဆုံးသတ်ခွင့် ရှိသည်။ သို့ သော် အများစုသည် မိမိတို့၏ခံစားရမှုများကိုဖွင့် ဟပြောဆိုရခွင့်အတွက်စိတ်သက်သာရာရကာ ၎င်းတို့ လိုအပ်ချက် နှင့် အတွေ့ အကြုံများကို ပြောပြနိုင် ခဲ့ကြသည်။ တယ်လီဖုန်းနှင့် အမေးခံရသူတစ်ဦးက အကြမ်းဖက်ခံရသူများသည် နှစ်သိမ့် ဆွေးနွေးမှုများကို ချက်ချင်းဖြစ်စေ၊ ကာလရှည်ဖြစ်စေ ရယူနိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ သုတေသနကာလသည်မုတ်သုံရာသီအတွင်းဖြစ်သောကြောင့် ကြုံတွေ့ ခံစားခဲ့ရသူများ၏ အကာအကွယ်နှင့် ၎င်းတို့ ၏ ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင် လက်ဆောင်အဖြစ် ထီးများကို ပေးအပ်ခဲ့သည်။

## လေ့လာဆန်းစစ်ခြင်းပုံစံ

သုတေသနလုပ်ငန်းသည်ရပ်ရွာလူထုအားအခြေခံကာပြုလုပ်ခြင်းဖြစ်ပြီးသတင်းအချက်အလက်များ၏အရည်အသွေးပိုင်းကို အလေးထားကာအကြမ်းဖက်ခံရသူများ၊ ဘာသာရေးနှင့် ရပ်ရွာလူထု ခေါင်းဆောင်များ နှင့် အသေးစိတ်တွေ့ ဆုံမေးမြန်းခြင်း၊ ရပ်ရွာတွင်းရှိအမျိုးသမီး များနှင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် ပြုလုပ်ခဲ့သည်။ လေ့လာမှုပုံစံအရ မည်သည့်ဘာသာရေးဆိုင်ရာယုံကြည်ချက်ကိုမဆိုထည့်သွင်းပါဝင်စေပြီး တွေ့ ဆုံမေးမြန်းခဲ့သူများတွင် ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန် နှင့် အစ္စလာမ်ဘာသာဝင်များပါဝင်ခဲ့ပါ သည်။ သုတေသနလေ့လာမှုပုံစံအဖြစ် ချဉ်းကပ်အနက်ဖွင့်ခြင်း အား အသုံးပြုခဲ့ပြီး ဆိုလိုရင်းမှာ ဖြေဆိုဖော်ပြချက်များအားအဓိပ္ပါယ်ဖော်ရာတွင်ယဉ်ကျေးမှု နှင့် လူမှုရေးဆိုင်ရာ တုန့်ပြန်ဆက် နွယ်မှုများ ကို အခြေခံပြီး လူမှုရေးရာအခြေပြုတည်ဆောက်အနက်ဖွင့်ခြင်းပင်ဖြစ်သည်။ ကိုယ်တွေ့ ကြုံခဲ့ရသူ များနှင့် လူထု၏ အသံကို ဦးစားပေးခဲ့ပြီး၊ သုတေသီများသည် တွေ့ ဆုံမေးမြန်းမှု ဖြစ်စဉ်တလျှောက်တွင် သုတေသီ၏ ကိုယ်ပိုင်အမြင်ကိုထည့် သွင်းမစဉ်းစားရဘဲကန့် သတ်သောနည်းလမ်းအား အသုံးပြုခဲ့သည်။

ရန်ကုန်၌ ပြုလုပ်ခဲ့သောသင်တန်းတွင် ဒေသခံသုတေသီများနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး မေးခွန်းများကို ကြိုတင်ပြင်ဆင်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုများအပေါ် တွင်ဒေသခံများ၏ နားလည်မှုပုံစံကိုထည့်သွင်းစဉ်းစားနိုင်ခဲ့ပြီး မေးခွန်းများကို ထိထိမိမိအဓိပ္ပါယ်ရှိရှိဖြစ်စေရန်လုပ်ဆောင် နိုင်ခဲ့သည်။ ရေခံမြေခံ အတိမ်အနက်ကိုသဘောပေါက်နားလည်နိုင်ရန်အတွက် ရန်ကုန်တွင်ရှိနေစဉ်အခါဦးဆောင်သုတေသီ အနေဖြင့် ဘာသာရေးခေါင်းဆောင်များအသီးသီး နှင့် ဒေါ်လည်းကောင်း ကုလသမဂ္ဂအဖွဲ့အစည်းများ နှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့်ဆွေးနွေးတွေ့ဆုံခဲ့သည်။

တွေ့ဆုံမေးမြန်းသည့်ကာလအတွင်းတွင် ဒေသခံသုတေသီများသည် အသံဖမ်းစက်နှင့် မှတ်စုတို ရေးသားမှတ်ယူခြင်းတို့ ကို အသုံးပြုခဲ့သည်။ အသံဖမ်းစက်ဖမ်းယူရန် အဆင်မပြေသော အချို့သူများအတွက် မှတ်စုတိုရေးသားခြင်းကို အသုံးပြုခဲ့သည်။ ဒေသခံသုတေသီများသည် တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်ခဲ့သူတစ်ဦးချင်းစီ၏ သဘောတူခွင့်ပြုချက်ကိုရယူပြီးသုတေသီမှကိုယ် စားပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ သုတေသီသုံးဦးပါဝင်သောအဖွဲ့ (မေးမြန်းသူတစ်ဦး၊ မှတ်စုတိုရေးသားသူ တစ်ဦးနှင့် ကူညီသူတစ်ဦး) နှင့် စကားဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။ ကူညီပံ့ပိုးသူအနေဖြင့် ပါဝင်သူများကို ကြိုဆိုခြင်း၊ သက်တောင့်သက်သာဖြစ်စေရန် နှင့် သဘော တူညီချက်ရယူ ခြင်းတို့တွင်ကူညီခဲ့သည်။ တွေ့ ဆုံမေးမြန်းပြီးသည့်အခါ သုတေသီများက အချက်အလက်များကို အတည်ပြုခဲ့သည်။ အချက်အလက်များကို

အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး သုတေသနအဖွဲ့ခေါင်းဆောင်ထံ စာရွက်စာတမ်းဖြင့် မဟုတ်ဘဲ Softcopy ဖြင့်လျှို့ဝှက်ကာပေးပို့ ပါသည်။ ဆိုလိုရင်းနိုင်မာတိကျစေရန်အတွက် မူလဘာသာပြန်ဆိုထားမှုအား ဒုတိယဘာသာပြန်သူမှပြန်လည်တည်းဖြတ်ပြန်ဆိုခဲ့ပါသည်။

## သုတေသီ၏ဘေးကင်းလုံခြုံရေး နှင့် သက်သောင့်သက်သာဖြစ်မှု

သုတေသနလုပ်ငန်းစဉ်အတွင်း သုတေသီ၏ လုံခြုံဘေးကင်းစေရေး နှင့် သက်သောင့်သက်သာ ဖြစ်မှုအတွက် သေချာစွာ ဆန်းစစ်လုပ်ဆောင်ခဲ့ပါသည်။ သင်တန်းကာလတွင် သုတေသီများသည် (Vicarious Trauma) အခြားသူများ၏ဖြစ်စဉ်များအားကြား သိရခြင်းဖြင့်သွယ်ဝိုက်၍ရရှိသော စိတ်ဒဏ်ရာအကြောင်းကိုလည်း သင်ယူခဲ့ရသည်။ ထို (VT) မှာ အကြမ်းဖက်မှုဖြစ်စဉ် အတွင်း အကြမ်းဖက်ခံရသူတို့၏ နာကျင်ကြေကွဲဖွယ်ရာ ဇာတ်လမ်းများကို နားထောင်ရာတွင် ခံစားရသည့် အတွေ့အကြုံများအားဆိုလိုပါသည်။ ထိုသုတေသီများသည် စိတ်ဒဏ်ရာနှင့် စိတ်ဓာတ်ကျ အားအင်ကုန်ဆုံးသည့် အရာများကို လျော့ကျစေသည့် နည်းလမ်းများ နှင့် နစ်သိမ့်ဆွေးနွေးခြင်းပုံစံများတို့ကို သင်တန်းကာလတွင် ရရှိခဲ့သည်။

## အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သိမ်းဆည်းခြင်း

အခြေခံသတ်မှတ်ချက်များအား မြဲယူဆင်ခြင်သည့် ဖြစ်စဉ်နည်းလမ်းကို အချက်အလက်များစိစစ်သုံးသပ်ရာတွင်အသုံးပြုသည်။ ထိုနည်းလမ်းကြောင့် သုတေသီသည် အကြမ်းဖက်ခံရသူများ၏ နားလည်မှု၊ ၎င်းတို့၏ အတွေ့အကြုံ၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်မှုတို့အပြင် ရင်တွင်းဖြစ်စကားလုံးများနှင့် ပတ်သတ်ဆက်နွယ်မှုများကို အလွယ်တကူ ချဉ်းကပ်နိုင်သည်။ ဦးဆောင်သုတေသီအနေဖြင့်မေးမြန်းခံရသူများ၏ဘဝကို လွှမ်းမိုးသက်ရောက်မှု ဖြစ်စေသည့်ခြားနားသောရေခံမြေခံ အခြေအနေအလိုက်ရှိနေသောအချက် အလက်များအား ထဲထဲဝင်ဝင်သိကျွမ်းမှုမရှိသဖြင့် အထက်ပါနည်းလမ်းသည် ထိရောက်ကာ အဖိုးထိုက်သည့် ချဉ်းကပ်ပုံစံဖြစ်ပါသည်။

Atlas T.1 data analysis software ကို အသုံးပြုကာ ထိုချဉ်းကပ်မှုအတွက် အချက်အလက်များကို ကုတ်နံပါတ် သတ်မှတ်ခြင်း၊ အပိုင်းကဏ္ဍများအလိုက် ခွဲခြမ်းသတ်မှတ်ခြင်းနှင့် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းပြရန်အခြေခံသဘောတရားတို့ အတွက် အသုံးပြုသည်။ Tearfund သည် မှတ်စုတိုများ၊ အသံဖိုင်များကို ၂နှစ်ထက်ကျော်၍ လုံခြုံစွာ သိမ်းဆည်းထားမည် ဖြစ်သည်။

## ကန့်သတ်ချက်များ နှင့် စိန်ခေါ်မှုများ

သုတေသနလုပ်ငန်းစဉ်အတွင်းတွေ့ကြုံရသည့်စိန်ခေါ်မှုများသည်ကန့်သတ်ချက်အများအပြားကိုဖြစ်စေခဲ့သည်။ ဤသုတေသနလုပ်ငန်းသည် သေးငယ်ကာအရည်အသွေးပိုင်းကို ဦးတည်သဖြင့် မြန်မာ့လူမှုအသိုင်းအဝန်းတစ်ခုလုံးအတွက် ယေဘုယျသဘောကောက်ချက်ချနိုင်မည်မဟုတ်ပေ။

### လက်တွေ့ကျကျစိန်ခေါ်မှုများ

သုတေသနလုပ်ငန်းစဉ်အနေဖြင့်ကွင်းဆင်းအဖွဲ့အတွက်စမ်းသပ်အနေအထားများကိုအားပေးခွင့်ပြုခဲ့ပါသည်။ သုတေသီများအနေဖြင့် ကားတတန် ရေကြောင်းတတန်ဖြင့်ခရီးဝေးသွားလာခဲ့ရသည်။ (ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရေလမ်းကြမ်းတမ်းမှုနှင့် မိကျောင်းအန္တရာယ်များ သတိပေး ချက်များရရှိခဲ့သည်) မြန်မာနိုင်ငံ၏ကျေးလက်ဒေသအများစုသည် သွားလာရေးခက်ခဲကြမ်းတမ်းလှကာ သုတေသီများသည်တစ်ရံတခါတွင်မှမရင်းနှီးသည့်ဒေသတွင်လမ်းပျောက်ခဲ့ရသည်။ သုတေသနလုပ်ငန်းစဉ်သည်မိုးရာသီအတွင်းဖြစ်သည်သာမက သုတေသီများသည်ပဋိပက္ခ ဖြစ်ပွားခဲ့ရာဒေသများအတွင်းသို့ ခရီးပြုရသည်ဖြစ်၍ ဗွန့်စားသွားလာရသည့်ရာသီဥတု အခြေအနေများနှင့် အန္တရာယ်ရှိသာဒေသများသည် စိုးရိမ်ဖွယ်ရာများဖြစ်ခဲ့ပါသည်။ ရှင်သန်ကျန်ရစ်သူများသည်တွေ့ကြုံခဲ့ရသည့်အကြမ်းဖက်မှုများ၏နောက်ဆက်တွဲအဖြစ် ရှက်ရွံ့မှု နှင့် ဖယ်ကျဉ်မှုများကြောင့် နေရာရွှေ့ပြောင်းနေထိုင်ကြသဖြင့် သုတေသီများအနေဖြင့် ရှာဖွေရခက်ခဲခဲ့သည်။ အချို့သော ရှင်သန်ကျန်ရစ်သူများသည်ဖွင့်ဟပြောဆိုရန်ဆန္ဒရှိသော်လည်း တွေ့ဆုံမေးမြန်းစဉ်တွင်အားငယ်ကြောက်ရွံ့မှုကြောင့် မေးမြန်းမှု ကမောက်ကမဖြစ်ခဲ့ရသည်များလည်းရှိခဲ့သည်။

### စိတ်ခံစားမှုပိုင်းဆိုင်ရာစိန်ခေါ်မှုများ

လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှု သုတေသနသည်သုတေသနတွင်ပါဝင်သူ တစ်စုံတစ်ဦးမှ သွယ်ဝိုက်စိတ်ဒါဏ်ရာကြုံတွေ့ရသည့်အခါ ၎င်း၏လောကီရေးရာဆိုင်ရာအမြင်ကိုပင်ပြောင်းလဲနိုင်စွမ်းရှိပေသည်။ မိမိတို့နိုင်ငံအတွင်းအခြားအမျိုးသမီးများ၏ အတွေ့အကြုံအဖြစ်အပျက်များကိုကြားသိရပြီး နောက်မိမိတို့၏လုံခြုံမှုနှင့် ထိခိုက်လွယ်မှုဆိုင်ရာ စိတ်ခံစားချက်များအတွက် အကြောက်တရားများကို သုတေသီများကဖွင့်ဟအသိပေးခဲ့ကြသည်။

### သိပ္ပံနည်းလမ်းတကျဖြစ်ရေးဆိုင်ရာစိန်ခေါ်မှုများ

ဤသုတေသန၏သဘောသဘာဝနှင့်အတူဆယ်စုနှစ်များစွာအထီးကျန်ခဲ့သောနိုင်ငံအခြေအနေကြောင့်ဖြစ်တည်လာသည့်အမျိုးမျိုးသောအကဲဆတ်မှုများကိုထည့်သွင်းစဉ်းစားမှ သာကျင့်ဝတ်ဆိုင်ရာ လိုက်နာရန်များနှင့် မဖြစ်မနေလုပ်ဆောင်ရန်များမှာ မှန်မှန်ကန်ကန်ဖြစ်နိုင်ပါမည်။ ထို့ကြောင့် ရှင်သန်ကျန်ရစ်သူများအား လူတွေ့တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုမည့်နည်းလမ်းများဖော်ထုတ်ရာတွင်သတိကြီးစွာထား၍ လုပ်ဆောင်ခဲ့သည်။ ၎င်းတို့၏စိတ်ဒါဏ်ရာများနှင့် နောက်ဆက်တွဲဖြစ်ရပ် များအားမှတ်တမ်းတင်ခြင်းထက်လိုအပ်ချက်များ၊ အနာဂါတ်အတွက်မျှော်လင့်ချက်များနှင့်ယုံကြည်သူအသိုင်းအဝန်းများထံမှမျှော်လင့်မှုများကိုအလေးထားသောမေးခွန်းများအားမေးမြန်းခဲ့ပါသည်။ သို့သော်လည်းရှင်သန်ကျန်ရစ်သူအများအပြားသည်၎င်းတို့တွေ့ကြုံခဲ့ရသည်များအားဖွင့်ဟ ပြောဆိုရန်ဆန္ဒရှိကြပါသည်။ ၎င်းတို့၏စိတ်ခံစားမှုများကိုဖွင့်ဟပြောဆိုနိုင်ရန်အတွက်သုတေသီ များကလည်းအခြေအနေဖန်တီးပေးခြင်းအားဖြင့်ကူညီခဲ့ပါသည်။ (မေးခွန်းများအား နောက်ဆက် တွဲ ၁ တွင်ရှုပါ)

ဥပမာအားဖြင့် – ကချင်ဘာသာမှမြန်မာဘာသာ ထို့နောက် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရသော လူတွေ့မေးမြန်းမှုမှတ်တမ်းများမှာကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ တိကျသေချာစေရန်လုပ်ဆောင်ရသောလုပ်ငန်းစဉ်သည် အချိန်များစွာပေးရကာ ကုန်ကျစရိတ်လည်း မသက်သာလှပေ။

နိုင်ငံခြားသားဖြစ်သည့် ဦးဆောင်သုတေသီသည် ဒေသခံသုတေသီများ နှင့် အတူလိုက်ပါသွားလာနိုင်ခြင်းမရှိသောကြောင့် အလုပ်းကွာဝေးမှုသည်လည်း စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ အဆက်မပြတ်ဆက်သွယ်လျှက်အဝေးမှသာ ပံ့ပိုးကူညီမှုပေးရခြင်းသည် ကွင်းဆင်းဆောင်ရွက်နေစဉ် အတွင်းအဆိုပါလက်တွေ့ကျကျ စိန်ခေါ်မှုများကြောင့်အတန်ပင်ခက်ခဲကာ လက်တွေ့မကျနိုင်ခဲ့ပေ။

## ကနဦးတွေ့ရှိချက်များ – တုန့်ပြန်ဆွေးနွေးခြင်းအလုပ်ရုံအစည်းအဝေး

သုတေသန၏ကနဦးတွေ့ရှိချက်များအား ဘာသာရေးအဓိကခေါင်းဆောင်များ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် ကွန်ယက်အဖွဲ့များ၊ တစ်သီးပုဂ္ဂလတက်ရောက်သူများသို့ တင်ပြခြင်းကို မန္တလေးမြို့၌ (အထက်မြန်မာပြည်ပိုင်းမှ သုတေသနတွင်ပါဝင်သူများနှင့်အတူ) လည်းကောင်း ရန်ကုန်မြို့တွင်လည်းကောင်း (အောက်မြန်မာပြည်ပိုင်းမှ သုတေသနတွင်ပါဝင်သူများနှင့်အတူ) အောက်တိုဘာ ၆ ရက်နေ့မှ ၉ ရက်နေ့အထိပြုလုပ်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိပါဝင်ဆောင်ရွက်သူများအသီးသီးအထူးသဖြင့်ဘာသာရေးအသိုင်းအဝန်းခေါင်းဆောင်သူများထံမှရှုထောင့်စုံလွှမ်းခြုံသည့် တုန့်ပြန်ဆောင်ရွက်မှုများအား မည်သို့နေရာချ လုပ်ဆောင်သင့်သည်ဟူသော နည်းလမ်းများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲမှတွေ့ရှိချက်များသည် သုတေသနတွေ့ရှိချက်များ၏ နက်နဲမှုနှင့်ပြည့်ဝမှုတို့ကိုအား ဖြည့်ခဲ့ပြီး နောက်ဆက်တွဲအစီရင်ခံစာအဖြစ်တွေ့မြင်နိုင်ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည်သီးခြားလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သောကြောင့်ထွက်ပေါ်ရလဒ်များအားသုတေသနတွေ့ရှိချက်များအနေဖြင့် ထည့်သွင်းဖော်ပြမည်မဟုတ်ပါ။ အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ အစီရင်ခံစာအား Tearfund ထံမှ ရယူနိုင်ပါသည်။

# တွေ့ရှိချက်များ

သမိုင်းကြောင်းအရ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများသည် မြန်မာနိုင်ငံပြည်သူများ တွေ့ကြုံခံစားခဲ့ရသမျှ (ဥပမာ- ပြည်တွင်းစစ်ဖြစ်ပွားရာ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် နာဂစ်ဒဏ်သင့်ရာ ဒေသများတွင်)

ကိစ္စရပ်များတွင် ခံနိုင်စွမ်းရည် နှင့် စိတ်ဓါတ်မြှင့်တင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဘာသာရေးအခြေပြု အဖွဲ့အစည်းများ နှင့် ခေါင်းဆောင်များသည် လူတစ်ဦးချင်းစီတို့၏ လူနေမှုဘဝနှင့် လူမှုအဖွဲ့အစည်းများ၏ သာတူညီမျှ၍ တရားမျှတသော လူမှုအသိုင်းအဝန်း ဟူသည့်ရည်ရွယ်ချက်ကို အောင်မြင်စေရန်အတွက် တည်ဆောက်နိုင်ရေးအတွက် မှန်ကန်သော လုပ်ဆောင်ချက်များအားဖြင့်အသွင်ပြောင်းနိုင်ရန်အလားအလာအကောင်းဆုံးသော အဖွဲ့များဖြစ်သည်။

# ရှင်သန်ကျန်ရစ်သူများ

ရှင်သန်ကျန်ရစ်သူများသည် ဘုရားသခင်နှင့်ပတ်သတ်၍ နက်နက်ရှိုင်းရှိုင်း ပြောဆိုခဲ့ကြသည်။ အမျိုးသမီးများက ဘုရားကျောင်းသို့ ပုံမှန်မသွားနိုင်စေကာမူ ဘုရားသခင်ကို ယုံကြည်ခြင်းသည် ၎င်းတို့၏ ဘဝလမ်းညွှန်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းမှု (၂၀) အနက် ၂ ခု ကသာ တရားစီရင်ဆုံးဖြတ်ခြင်းကို ခံယူခွင့်ရခဲ့သည်။ (ကျူးလွန်သူတစ်ဦးမှာ တစ်သက်တစ်ကျွန်းထောင်ဒဏ်ကျခံရ) အမျိုးသမီးအများစုနှင့် ၎င်းတို့၏ မိသားစုဝင်များသည် တရားစီရင်ရေးစံနစ်အားကြောက်ရွံ့နေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ခံစားခဲ့ရ သောအမှုများအစား တရားစီရင်ရေးစံနစ်နှင့်လူမှုအသိုင်းအဝန်းများက ၎င်းတို့အားသားကောင်များအဖြစ်ပြန်လည်ပြောင်းလဲသွားစေနိုင်သောကြောင့် ဖြစ်သည်။

"ကျွန်မမှာ အဲဒီလိုအတွေ့အကြုံမရှိတော့ တကယ်နားမလည်နိုင်ပါဘူး။ တချို့မိန်းမတွေက ရဲစခန်းသွားပြီး တိုင်ဖို့သတ္တိရှိခဲ့ကြတယ်။ ကျွန်မကတော့ အဲဒီအကြောင်းကို ပြောဖို့တောင် သတ္တိမရှိဘူး"

အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို အရင်းနှီးဆုံးသူများထံတွင်သာ ရင်ဖွင့်လေ့ရှိကြသည်။ အမျိုးသမီး ၄ ယောက်အနက် ၁ ယောက်ကသာနှုတ်ဆိတ်နေခဲ့ကြပြီး သူတို့ကြုံတွေ့ခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုများကို ဝေမျှလိုခြင်းမရှိကြပေ။ ပြစ်မှုကျူးလွန်သူများသည် ၎င်းတို့ ကျူးလွန်ခဲ့သူများ၏ အကြောင်းကို သေသေချာချာသိထားကြသည်။

အများစုသော အကြမ်းဖက်ခံရသူများသည် ဆင်းရဲမွဲတေပြီး ငွေကြေးကို အမြဲတစေလိုအပ် နေသော၊ အနည်းငယ်သောသူများသည်သာပညာရေးဆုံးခန်းတိုင်သူများဖြစ်ကြသည်။ ၎င်းတို့တွေ ကြုံခဲ့ရသည့်အကြမ်းဖက်မှုများတွင် ကျူးလွန်သောအဓိကတရားခံများမှာ---

- ၅၀% သောပြစ်မှုကျူးလွန်သူများသည် ရင်းနှီးသောမိတ်ဆွေများ။ နီးစပ်သူ၊ အလုပ်ရှင်များ
- ၂၅% သည် လက်နက်ကိုင်အဖွဲ့အစည်း
- ၁၅% သည် မိသားစုဝင်များ
- ၁၀% သည် သူစိမ်းများဖြစ်ကြသည်။

"သူက ကျွန်မသမီးကို ပစ္စည်းတွေသယ်လာဖို့ပြောတယ်။ ကျွန်မက သူ့ကို အဖိုးတယောက်လိုပဲ ယုံကြည်တယ်။ ဒါကြောင့် သူနဲ့သွားဖို့ ခွင့်ပြုလိုက်တယ်။"
အကြမ်းဖက်ခံရသူ၏ မိခင်

အဆိုပါ ရာခိုင်နှုန်းများသည် မြန်မာနိုင်ငံရှိလိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများ အားလုံးကိုကိုယ်စားပြုခြင်းမရှိသော်လည်း နိုင်ငံတကာရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအားလုံးကို ဖော်ပြလျက်ရှိသည်။ အကြမ်းဖက်ခံရသူ ၂၀ အနက် ၆ ယောက် (ရှင်သန်ကျန်ရစ်သူ ၃၀ ရာခိုင်နှုန်း) သည် ရက်စက်သော ရုပ်ပိုင်းဆိုင်ရာ အစွန်းရောက်အကြမ်းဖက်မှုများကို ကြုံတွေ့ခံစားခဲ့ရသည်။ အမျိုးသမီးငယ်နှစ်ဦးသည် မုဒိန်းကျင့်သတ်ဖြတ်မှုကို ခံခဲ့ရသည်။ ထိုအကြမ်းဖက်မှုကိုကြုံတွေ့ ခံစားခဲ့ရသူများ၏ မိခင်များကို ဤသုတေသနအတွက် တွေ့ဆုံ မေးမြန်းခွင့်ရရှိခဲ့သည်။ အကြမ်းဖက်ခံရသူများအနေဖြင့် မတူညီသောအတွေ့အကြုံများကိုဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ နှင့် ဘာသာရေး ခေါင်းဆောင်များထံမှ ခံစားခဲ့ရသည်။ ရရှိသောသတင်းအချက်အလက်များထံမှ အဓိကဖော်ပြချက်များကို အောက်ဖော်ပြပါအတိုင်းဆွေး နွေးတင်ပြရန်ဖြစ်ပါသည်။

(၁) ရှက်ရွံ့ထိတ်လန့်ခြင်းနှင့် အမည်းစက်ထင်ကျန်ခြင်း

(၂) အပြစ်ပေးခြင်းနှင့် လူမှုအသိုက်အဝန်း၏ဖယ်ကျဉ်ခံရခြင်း

(၃) ဝန်ဆောင်မှုများရှိနိုင်မှု

(၄) တည်ငြိမ်သော အသက်မွေးဝမ်းကျောင်းအလုပ်

(၅) နက်နဲခွန်းထွေးသောလူမှုဆက်ဆံရေး

(၆) သားသမီးများကို ဂရုစိုက်ခြင်း

(၇) ပဋိပက္ခမှ ရရှိသော စိတ်ဒဏ်ရာ

(၈) ဘာသာရေးအသိုင်းအဝန်းများထံမှအပြုသဘောဆောင်သည့် အတွေ့အကြုံများ

(၉) ရှင်သန်ကျန်ရစ်သူများ၏ကွန်ယက်အဖွဲ့တွင်စိတ်ပါဝင်စားမှု

## (၁) ရှက်ရွံ့ထိတ်လန့်ခြင်းနှင့် အမည်းစက်ထင်ကျန်ခြင်း

"ကျွန်မတို့ရွာမှာအသင်းအုပ်ကအမျိုးသားတစ်ဦးပါ။ ရွာမှာအမျိုးသမီးအသင်းအုပ်ဆရာမ မရှိပါဘူး။ အဲဒီတော့ ရှင်သန်ကျန်ရစ်သူကျွန်မတို့အနေနဲ့ အခြားသူတွေရဲ့အားပေးကူညီမှုမပါဘဲ အမျိုးသားတစ်ဦးကို ကျွန်မတို့ရဲ့အတွေ့အကြုံတွေကိုထုတ်ဖော်ပြောဖို့မဝံ့ရဲပါဘူး"
ရှင်သန်ကျန်ရစ်သူ – ၁

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရပြီးနောက် သတ်ဖြတ်ခြင်းခံရသော ကလေးငယ်များရှိသည့် မိခင်များပင်လျှင် ရှက်ရွံ့ထိတ်လန့်မှုနှင့် ငြင်းပယ်မှု နှင့် မိမိကိုယ်ကိုအန္တရာယ်ပြုနိုင်မှုများကြောင့် မိမိနေရာကို စွန့်ပစ်ထွက်ခွာရန်မဖြစ်နိုင်ပေ။ အကြမ်းဖက်မှုကို ကြုံတွေ့ခံစားခဲ့ရသူများသည် ၎င်းတို့၏ မိသားစုဝင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းများ၏ ပြစ်တင်မှုကို ခံယူနေရကြောင်း ပြောပြခဲ့ကြသည်။

"မုဒိန်းကျင့်ခံရတာ ကျွန်မဘဝအတွက် အမည်းစက်ပါပဲ။ ခုချိန်ထိ ကျွန်မရဲ့အိမ်နီးချင်းတွေက သူတို့ ကလေးတွေကိုဒီလိုအဖြစ်တွေမကြုံရအောင်ဆုံးမရင် ကျွန်မနာမည်ကိုပြောပြီး ဆုံးမကြတယ်လေ။ တစ်ချို့ကအိမ်နီးချင်းဖြစ်တဲ့ကျွန်မကြောင့်သူတို့ရဲ့ကလေးတွေပြည့်တန်ဆာ ဖြစ်လာနိုင်တယ်လို့လဲပြောကြသေးတယ်"

"ဒီလိုကိစ္စတွေဖြစ်လာတဲ့အခါ အသင်းတော်ကကျွန်မကိုအထင်အမြင်သေးလာပြီးအပြစ်တင်နှင် ထုတ်တယ်။ ကျွန်မတို့ရဲ့အသင်းအုပ်ကဆရာမဖြစ်ပေမယ့်ကျွန်မသူ့ကိုအရမ်းကြောက်တယ်။ ကြည့်တောင်မကြည့်ရဲဘူး။ ကျွန်မရဲ့ခံစားချက်တွေကိုထုတ်မပြောနိုင်ခဲ့ဘူး။ အသင်းတော်ကနှင် ထုတ်ခံရပြီး ကျွန်မအရမ်းကိုသိမ်ငယ်ရှက်ရွံ့သွားတယ်။ ကျွန်မကဘာမှကြီးကြီးမားမား မမျှော်လင့် ထားပါဘူး။ နဲနဲလောက်နှစ်သိမ့်အားပေးရင်ပဲကျွန်မအတွက်သက်သာရာရမှာပါ။"

အကြမ်းဖက်ခံရသူ ၃ယောက်သည် သူတို့၏ နေရပ်ဒေသများကို စွန့်ခွာခဲ့ရကြောင်း၊ ထို့အပြင်အထီးကျန်ဆန်ကာထိလွယ်ခိုက်လွယ်ခံစားရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဘာသာရေးအဖွဲ့အစည်းများကြောင့် ဖြစ်ကြောင်း ပြောပြ ခဲ့သည်။ တစ်ဦးကမူသူ၏ ဘဝကို မည်သို့အဆုံးသတ်လိုကြောင်း ပြောဆိုခဲ့သည်။

"ကျွန်မ အရမ်းဝမ်းနည်းတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တယ်"

အကြမ်းဖက်ခံရပြီးရှင်သန်ကျန်ရစ်သူများ၏နာကြည်းခါးသီးသောဝေဒနာများမှ ထိမိသော ဖော်ပြချက်များတွင်အောက်ပါတို့လည်းပါဝင်သည်။

"ကျွန်မ ဒေါသမထွက်ပါဘူး။ ဒါပေမယ့် ကျွန်မ ခံစားခဲ့ရတာတွေကို ဘယ်တော့မှ မမေ့နိုင်ဘူး၊ တစ်ခါတစ်လေ ကိုယ့်ကိုယ်ကိုယ် အရမ်းမုန်းတယ်"

## (၂) အပြစ်ပေးခြင်းနှင့် လူမှုအသိုက်အဝန်း၏ဖယ်ကျဉ်ခံရခြင်း

အကြမ်းဖက်ခံရသူများသုံးဦး၏ အတွေ့အကြုံအရ – ၎င်းတို့က သက်သေခံခြင်းနှင့် ခွင့်လွှတ်ခြင်းကို တောင်းခံခဲ့သော်လည်း အပြစ်ပေးခံခဲ့ရကြောင်းကို လေ့လာတွေ့ရှိခဲ့သည်။ အကြမ်းဖက်ခံရသူတစ်ဦးကတော့ ရပ်ရွာကိုနစ်နာကြေးပေးရန်

တိုက်တွန်းခံရပြီး သူမအနေဖြင့် အကြွေးတင်ခြင်းသာ ရလဒ် အနေဖြင့်ကျန်ခဲ့သည်။ အကြမ်းဖက်ခံရသူ သုံးဦးစလုံးဟာ သူတို့အပေါ် အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများနှင့် လက်ထပ်ရန် တောင်းဆိုခံခဲ့ရပြီးတစ်ဦးက လက်ခံသဘောတူခဲ့သည်။ စိတ်ဒဏ်ရာရခြင်း၏ရလဒ်အနေဖြင့်အကြမ်းဖက်ခံရသူများကငင်း တို့၏အတွေ့အကြုံဒဏ်ရာ နာကြည်းချက်များကိုဖော်ပြရာတွင်ယုံကြည်သူအသိုင်းအဝန်းက သစ္စာဖေါက်ခဲ့သည်ဟု ခံစားရကြောင်း ဖော်ပြခဲ့ကြသည်။

"ဘာသာရေးခေါင်းဆောင်အများစုကတော့ ဒီလိုကိစ္စမျိုးမှာ ဘာကိုမှ တာဝန်မယူပေးချင်ကြဘူး၊ မိန်းမတွေကိုတောင်ပိုဖိအားပေးကြသေးတယ်။ ဆိုတော့အဲဒီလို ကိစ္စမျိုးဖြစ်လာရင် ကိုယ်ကိုယ်တိုင်ပဲတာဝန်ရှိတယ်ပြောတယ်။ အဲလိုကိစ္စမျိုးကြုံလာရင် ဘာသာရေးခေါင်းဆောင်တွေက မှန်တဲ့ဘက်ကတောင် မရပ်တည်ပေးကြဘူး"

ရှင်သန်ကျန်ရစ်သူ ၁ ၏ စကားပြန်

"ဘာသာရေးခေါင်းဆောင်တွေက အပြစ်ပေးတာနဲ့ ဒဏ်သတ်မှတ်တာကိုပဲ လုပ်ကြတယ်။ မိန်းကလေးဘက်က ဝက်တစ်ကောင်လျော်ကြေးပေးရမယ်။ ရှင်သန်ကျန်ရစ်သူက မတူညီတဲ့ ပြစ်ဒဏ်အမျိုးမျိုးတွေ့ကြုံရတယ်။ မိန်းကလေးကမုဒိန်းကျင့်ခံရမယ်၊ ကိုယ်ဝန်ရမယ်၊ ကလေးရလည်းရပါသေးတယ်။ သူ့အသင်းတော်ကခေါင်းဆောင်က သူ့စကားအရဆိုရင်ဖာရိရှဲ တစ်ဦးလိုပဲပြုမူတယ်။ ဒါဟာ မှန်ကန်တဲ့ ဖြေရှင်းနည်းမျိုးတော့ မဟုတ်ဘူး"

## (၃) ဝန်ဆောင်မှုများရရှိနိုင်မှု

အကြမ်းဖက်ခံရသူများအမျိုးသမီး ၃ ဦးက ကျန်းမာရေးစောင့်ရှောက်ရေးစင်တာသို့ ၎င်းတို့ သွားရောက်ခဲ့ရာတွင် ကျန်းမာရေးဝန်ဆောင်မှုကို အကန့်အသတ်ဖြင့်သာ ရရှိကြောင်း ထောက်ပြခဲ့သည်။ ၎င်းမှာလမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ပဋိပက္ခဖြစ်ပွားမှု နှင့် ဘေးအန္တရာယ်သင့်ဒေသများဖြစ်သောကြောင့် ရှင်သန်ကျန်ရစ်သူများဝန်ဆောင်မှု ရရန်ခက်ခဲခြင်း ဖြစ်နိုင်ပါသည်။ ရှင်သန်ကျန်ရစ်သူ ၅ ဦးမှာ တရားစီရင်ရေးစနစ်၏ ကြည့်ရှုမှုကို ခံစားခဲ့ရသော်လည်း ထိုသို့ခံစားခွင့်ရခြင်းမှာ အခြားအမျိုးသမီးအဖွဲ့အစည်းများ၊ ကလေးသူငယ် စောင့်ရှောက်ရေးအဖွဲ့များ (သို့မဟုတ်) အသင်းတော်ရှိ အမျိုးသမီးဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုကြောင့်သာဖြစ်သည်။ အကြမ်းဖက်မှု ၂ ခုမှာတရားစီရင်ခြင်းခံရသော်လည်းပြောပလောက်သော ပြစ်ဒဏ်မျိုးချမှတ်ခြင်းမခံရပေ။ တစ်ဦးမှာထောင်ဒဏ် ၃ နှစ်သာကျခံရသည်။

ရှင်သန်ကျန်ရစ်သူတစ်ဦး၏ ဖြစ်ရပ်တွင်ရဲစခန်းသို့ သွားရောက်တိုင်ကြားပြီးနောက်တရားရုံးသို့ ဆက်လက်ပို့ဆောင်ရာ၌ နောက်ဆက်တွဲဒုက္ခရောက်စေမှုကို လည်းတွေ့ရသည်။

"ကျွန်မကိစ္စမှာအမှုတိုင်ကြားပြီးနောက်တစ်ရက်နေမှအမှုဖွင့်ပေးတယ်။ တရားရုံးရောက်တော့ကျွန်မဖြစ်ပျက်ခဲ့တဲ့ကိစ္စကိုအကြိမ်ကြိမ်ထပ်ပြီးပြောပြရတယ် – မနက်ခင်းကနေညနေရောက်တဲ့အထိပဲ။ သူတို့ပြောတာကသူတို့ထွက်ဆိုချက်တွေယူဖို့ရှိတယ်ဆိုပြီး ကျွန်မကိစ္စကိုထပ်ထပ်ပြောရတယ်"

မုဒိန်းကျင့်ခံရသောအမျိုးသမီး ၃ ဦးသည် ကိုယ်ဝန်ရခဲ့ကြပြီး ၎င်းတို့၏ ကလေးများဘဝရှေ့ရေးအတွက် လုံလောက်သည့် ထောက်ပံ့ကူညီမှုမျိုးကို မိမိရပ်ရွာ လူမှုအဖွဲ့အစည်းများထံမှ ရရှိခဲ့ခြင်းမရှိပေ။ အခြားအမျိုးသမီးတစ်ဦးကမူ သူမအနေဖြင့် ရှက်လွန်းလှ၍ကလေးကိုတိတ်တဆိတ်မွေးဖွားခဲ့ကြောင်း၊ ကလေးမှာရက်ပိုင်းအတွင်းသေဆုံးသွားခဲ့ကြောင်းပြောကြားခဲ့သည်။

## (၄) တည်ငြိမ်သော အသက်မွေးဝမ်းကျောင်းအလုပ်

အမျိုးသမီးအများစုသည် ငွေကြေးအကူအညီနှင့် စွမ်းရည်မြှင့်တင်ခြင်း၊ ပညာရေး သို့မဟုတ် အသက်မွေးဝမ်းကြောင်းပညာများကိုသာ အကူအညီပေးရန် တောင်းဆိုလေ့ရှိသည်။ အကြမ်းဖက်မှုကိုကြုံတွေ့ခံစားခဲ့ရသူများသည် ၎င်းတို့နှင့် မိသားစု၏ စားဝတ်နေရေးအတွက် လုံလောက်သော ထောက်ပံ့ကူညီမှုများရလေ့မရှိပါ။ အကြမ်းဖက်ခံရသူတစ်ဦးကပြောရာတွင် သူမအနေဖြင့် အပြင်ထွက်ရန်နှင့် အလုပ်လုပ်ရန်အတွက် သိမ်ငယ်သလို ခံစားရကြောင်းကို ထောက်ပြပြောဆိုခဲ့သည်။ အသေးစားငွေစုငွေချေးစီမံကိန်းတွင်

ပါဝင်သော အမျိုးသမီးများမှာ အရင်းအနှီးရရန် အခွင့်အလမ်းများ ရရှိခဲ့သော်လည်း အကြွေးဝန်ထုပ်ပိမှုက ဖိအားများဖြစ်စေကာ ထိလွယ်ခိုက်လွယ်အခြေအနေများသို့တွန်းပို့ခံခဲ့ရကြောင်းပြောပြသည်။

"အဖွဲ့အစည်းတစ်ခုက ဒီဒေသမှာ အသေးစားငွေစုငွေချေးလုပ်တယ်။ အဲဒီအဖွဲ့အစည်း ကနေပြီးတော့ ချေးငွေရခဲ့ပါတယ်။ ဒါပေမယ့် အကြွေးပြန်ပေးဖို့ရာအတွက် ကျွန်မအရမ်း ရုန်းကန်ခဲ့ရတယ်။ ကျွန်မ ကလေးကိုတောင်မှကျောင်းမထားနိုင်ခဲ့ဘူး"

အခြားရှင်သန်ကျန်ရစ်သူတစ်ဦးကလည်းသူမကိုယ်သူမ နွံနစ်နေတဲ့ငါးတစ်ကောင် အဖြစ် နှိုင်းယှဥ်ပြခဲ့ကာ စာပေ သင်ကြားလေ့လာရန်ရည်မှန်းချက်ရှိသောလည်း သူမ၏လူမှုစီးပွားရေးအခြေ အနေကြောင့်မဖြစ်နိုင်ခဲ့ကြောင်းပြောပြခဲ့သည်။

## (၅) နက်နဲနွေးထွေးသောလူမှုဆက်ဆံရေး

လူမှုအသိုက်အဝန်းများ၏ ဆူပူခြင်းနှင့် အတင်းအဖျင်းပြောခံရခြင်းများက ရှင်သန် ကျန်ရစ်သူများကို ပိုမိုဆွဲ့အစေသည့် အပြင် ၄င်းတို့၏ခံစားချက်များကို ၄င်းတို့ယုံကြည် သောသူများ ကို ရင်ဖွင့်ပြောပြရန်ပင် အကန့်အသတ် ဖြစ်စေခဲ့သည်။

"အခု ကျွန်မစိတ်ဓါတ်မကျတော့ဘူး ဒါပေမယ့် ၁၉၉၆ ခုနှစ်တုန်းကတော့ စိတ်ဓါတ်တွေကျပြီး ခံစားချက်တွေ မျှဝေခဲ့ဖူးတယ် ကူညီနိုင်မယ့်သူ တစ်ယောက်မှ မရှိတော့လဲ ကျွန်မ ခံစားခဲ့ရသမျှ ပြောမပြဖြစ်တော့ဘူး"

"ကျွန်မ ဘယ်သူ့ကို ရင်ဖွင့်ရမှန်းမသိဘူး ကျွန်မက အဲဒီလူ (ပြစ်မှုကျူးလွန်သူ) ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာဟာ သူက ကောင်းတဲ့ အသိုင်းအဝန်းကမို့ပါ (ပိုကြွေးလျှက်)။ သူက အကြမ်းဖက်ရတာကို ကြိုက်တယ် သူ့စိတ်ကိုသူမထိန်းနိုင်ဘူး။ ကျွန်မအတွက်ကတော့ ဘာပဲဖြစ်ဖြစ် ကြုံလာသမျှကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီး သူ့ကို လက်ထပ်ခဲ့တာ ဒီနေ့အထိပါပဲ"

ရှင်သန်ကျန်ရစ်သူ အမျိုးသမီးတစ်ဦးကမူ သူမ အဓမ္မပြုကျင့်ခံရပြီး ရရှိခဲ့သော ကလေးကို ဆုံးရှုံးသွားချိန်မှစပြီး အိမ်ထဲက အိမ်ပြင်မထွက်ဘဲ တိတ်ဆိတ်စွာ နေထိုင်ခဲ့ကြောင်း၊ မိသားစုနှင့် လူမှုဝန်းကျင်ကလည်း သူမကို ဖယ်ကျဥ်ထားခဲ့ကြောင်း ပြောပြခဲ့သည်။

"ကျွန်မကလေးကို မွေးခဲ့တာ တဲအိမ်သေးသေးလေးတစ်ခုရဲ့ အနောက်ထဲမှာပါ။ လူတွေက အထင်သေးတဲ့ အကြည့်တွေနဲ့ကြည့်လို့ပေါ့။ မိသားစုကလည်း ကျွန်မပြောသမျှ နားမဝင်ကြဘူး ခုတော့ ကျွန်မအိမ်ကို ပြန်ရောက်နေပါပြီ။ လူတွေက ပြစ်တင်ရှုံ့ချပေမယ့်လဲ ကျွန်မဒီကိုပြန်လာခဲ့တယ်"

## (၆) သားသမီးများကို ဂရုစိုက်ခြင်း

အချို့ရှင်သန်ကျန်ရစ်သူများနှင့်မိသားစုဝင်များသည်အထူးသဖြင့်မိသားစုဝင်တစ်ဦးဦး၏အကြမ်းဖက်မှုကျူးလွန်မှုခံခဲ့ရဖူးသဖြင့် ကလေးများအား အိမ်တွင် ထားခဲ့ရမည့်အတွက် သောကရောက်တတ်ကြသည်။ ထိုအမျိုးသမီးများက ကလေးများကို လုပ်ငန်းခွင်သို့ ခေါ်ဆောင်သွားသည့် အတွက် ဝင်ငွေရနိုင်စွမ်းကို အဟန့်အတား ဖြစ်စေသည်။

"ကျွန်မက လက်လုပ်လက်စားပါ ကျွန်မ ကလေး နှစ်ယောက်လုံးကို အလုပ်ကို ခေါ်သွားတယ်လေ အိမ်မှာထားခဲ့ရင် တစ်ခုခုဖြစ်သွားမှာ ကြောက်တယ်"

ရှင်သန်ကျန်ရစ်သူတစ်ဦးက သူမ လူကြားထဲသွားရမှာ ကြောက်ရွံ့နေကြောင်းနှင့် သူမ၏ ကလေးဆေးကုသမှု ခံယူရန် လိုအပ်နေကြောင်း ပြောပြသွားခဲ့သည်။

"အဲ့ဒီ ကိစ္စဖြစ်ပြီးတော့လည်း လူကြားထဲသွားရမှာ ကျွန်မအရမ်းကြောက်တယ်။ အခုတော့ ကျွန်မ သမီးအတွက်ပဲ စိတ်ပူတယ်။ သူ့ခြေထောက်တွေက ကွေးလို့ မရဘူးလေ အမြဲထိုင်နေရတာ။ ကျွန်မတို့ နှစ်ယောက်လုံးရဲ့ အနာဂတ်အတွက်လည်း စိတ်ပူတယ်။ သမီးက တစ်နေ့တစ်ခြား ကြီးလာပြီဆိုတော့ ဒီနေရာမျိုးမှာ ကာလရှည်ကြီး ဆက်မနေသင့်တော့ဘူး ကျွန်မအလုပ်ရှာဖို့ စဥ်းစားနေတယ်"

## (၇) ပဋိပက္ခမှ ရရှိသော စိတ်ဒဏ်ရာ

ပဋိပက္ခ (ယခင် နှင့် ယခုလက်ရှိ ပြည်တွင်းစစ်) ဖြစ်စဉ်မှ ရှင်သန်ကျန်ရစ်သူများသည် ၄င်းတို့ကြုံတွေ့ခဲ့ရသည့် ပြင်းထန်သော လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှု ကြောင့်ခံစားရမှုများအကြောင်းပြောပြခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာကုသမှုမခံယူခဲ့ရသောကြောင့် တွေ့ဆုံမေးမြန်းရာတွင် ပြင်းထန်သော ခံစားမှုကို ပြသခဲ့သည်။

"၁၉၉၆ ခုနှစ်က လက်နက်ကိုင်အဖွဲ့တွေ ကျွန်မယောကျာ်းကို ဖမ်းခေါ်သွားပြီး သတ်လိုက်တယ်။ ကျွန်မမှာကလေး၆ယောက်ရှိတယ်။ သူတို့ထဲကတစ်ယောက်ကကျွန်မကိုထိုးနက်ကန်ကြောက်တယ်။ ကျွန်မက ဆံပင်ရှည်တော့ ဆံပင်ကနေ ဒရွတ်တိုက်ဆွဲပြီး ရိုက်တာ။ ကလေးကလည်း နို့မစို့ရဘူး အဲ့လူက ကလေးပါးစပ်ထဲ သံလုံတံ ထိုးထည့်ထားတယ်။ ကလေးက နို့ဆာနေတာလေ။ နောက်တော့ သူတို့ ကျွန်မကို သစ်ပင်တစ်ပင်မှာ ကြိုးနဲ့တုပ်ပြီး အဓမ္မကျင့်ခဲ့ကြတယ်။ ကျွန်မ အတွေ့အကြုံက အရမ်းခါးသီးပါတယ် (ငိုကြွေးလျက်)"

## (၈) ဘာသာရေးအသိုင်းအဝန်းများထံမှအပြုသဘောဆောင်သည့်အတွေ့အကြုံများ

ပဋိပက္ခ ဖြစ်ပွားရာဒေသရှိ မိမိတို့၏ သမီးပျိုမိန်းကလေးများ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေး ရာအခြေပြုအကြမ်းဖက်ခြင်းကို ခံစားခဲ့ရသော အမျိုးသမီးများသည် ဘာသာရေးခေါင်းဆောင်များ နှင့် ဘာသာရေးအသိုက်အဝန်းများ၏ ပွင့်ပွင့်လင်းလင်း အပြုသဘောဆောင်သော အပြုအမူကို အခြားဒေသရှိ အရွယ်ရောက်အမျိုးသမီးများ နှင့် နှိုင်းယှဉ်ပါက ပိုမိုရရှိကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော အဆိုပါ ပဋိပက္ခဖြစ်ပွားရာ ဒေသသည်နိုင်ငံတကာအသိုင်းအဝန်းမှ အာရုံစိုက်မှုကို ခံရသောကြောင့် ပိုမိုကောင်းမွန်သောတုံ့ပြန်မှုများရရှိခြင်းလည်းဖြစ်နိုင်သည်။ သို့သော်လည်း အချို့သောဖော်ပြချက်များအရအားလုံးသော လူမှုအသိုင်းအဝန်းများထံသို့ကြီးမားသောအထောက်အပံ့ရှိခဲ့ကြောင်းတွေ့ရသည်။

"ကျွန်မ အမျိုးသမီး သင်းအုပ်ဆရာဆီ သွားပြီး အကူအညီတောင်းလေ့ရှိပါတယ်။ သူမက ရပ်မိရပ်ဖိတွေနဲ့ တွေ့ဖို့ စီစဉ်ပေးတယ်။ ကျွန်မက ငယ်သေး တော့ တစ်ယောက်ထဲ နဲ့ မဖြစ်ဘူးလေ အဲ့ဒါကြောင့် သူမကို ကူညီဖို့ သွားပြောတော့ သူက ကူညီနိုင်တယ်တဲ့ သူက ကျမအတွက် ဆုတောင်းပေးတယ်။ ပြဿနာတွေ ဖြစ်လာရင်ညှိနှိုင်းပေးတယ်။"

"ကျွန်မရဲ့ အသင်းတော် နဲ့ ရပ်ရွာလူထုက ရှင်သန်ကျန်ရစ်သူတွေအတွက် စိတ်ချရတဲ့ နေရာတစ်ခုပါ။ ကျွန်မတို့ အသိုင်းအဝိုင်းမှာ အဲလိုအဖြစ်မျိုး ကြုံခဲ့တဲ့ မိန်းမတစ်ယောက်ရှိတယ်။ သူမက ကိုယ်ဝန်ရခဲ့ပြီး ကလေးကတော့ ဆုံးသွားတယ် အဲဒါကြောင့် ဘုရားကျောင်းနဲ့ လူထုတွေက သူမကို ကူညီအားပေးခဲ့တယ်။"

"ဘာသာရေး ခေါင်းဆောင်ဟာ တစ်ခုခုဖြစ်တိုင်း ပုံမှန်သွားပြီး ဆုတောင်းပေးခြင်း၊ နှစ်သိမ့်ပေးခြင်း တွေ ပြုလုပ်ခဲ့တယ်"
အသက်ခံရသူ၏ မိခင်

## (၉) ရှင်သန်ကျန်ရစ်သူများ၏ ကွန်ယက်အဖွဲ့တွင်စိတ်ပါဝင်စားမှု

အမျိုးသမီး ၁၃ ဦး (၆၅%) သည် ထောက်ပံ့ကူညီမည့် ကွန်ရက်တွင် တိုက်ရိုက်ပါဝင်ပတ်သတ်ရန် စိတ်ပါဝင်စားသည်။ အဆိုပါ ကွန်ရက်သည် ခံစားခဲ့ရသူများအတွက် တန်ဖိုးကြီးမားလှကြောင်း လက်ခံသဘောတူညီခဲ့ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သူများအနက် ၅ ဦးက တိုက်ရိုက်ပါဝင်ရန် ဆန္ဒမရှိကြောင်း နှင့် နှစ်ဦးကတော့ ၄င်းတို့၏ စိတ်ပါဝင်စားမှုကို မဖော်ပြခဲ့ပေ။

"တကယ်လို့ အမျိုးသမီးအဖွဲ့ ဒါမှမဟုတ် ကွန်ရက်တစ်ခုဖြစ်ပေါ်လာရင် အမျိုးသမီးတွေအတွက် ပိုကောင်းလာမှာပါ။ ဘယ်သူမှ မတရားမှု မကျူးလွန်နိုင်တော့ဘူး အကြမ်းဖက်မှုတွေ ဖြစ်လာတော့မှာ မဟုတ်ဘူး။ မရှိမဖြစ် လိုအပ်တယ်လို့ ထင်ပါတယ်။"

© TEARFUND 2016

"ကျွန်မ အမျိုးသမီးတွေကို အားပေးချင်တယ် အမျိုးသမီးအချင်းချင်း အကြံဉာဏ်ပေးဖို့ လိုတယ်။ ကျွန်မတို့ နောက်တစ်ခါ ပြန်လည် ရှင်သန်ဖို့ ကြိုးစားရမယ်၊"

"ကျွန်မ ငယ်ငယ်ကတည်းက ကိုယ့်ဘာသာ မရပ်တည်နိုင်တဲ့ လူတွေကိုတွေ့ရင် ကိုယ်ချင်း စာတယ်။ ကျွန်မလို အခြေအနေမျိုး ရှိတဲ့သူတွေကို ပိုကူညီချင်ပါတယ်"

"အစပိုင်းမှာတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ မဖြေသိမ့်နိုင်ခဲ့ဘူး ဘာလို့လဲဆိုတော့ အဲ့ဒီအချိန်တုန်း က ကျွန်မသသမီးကိစ္စကို ခံစားရတာ ကျွန်မတစ်ယောက်ထဲလေ။ ကချင်ဆရာမ နှစ်ယောက်ရဲ့ ကိစ္စကို ကြားလိုက်ရတော့ ဒါမျိုးဟာ ငါ့သမီးတစ်ယောက်ထဲဖြစ်တာ မဟုတ်ဘူးလို့ နားလည် လာတယ်။ တစ်ယောက်နဲ့ တစ်ယောက် အတွေ့အကြုံတွေ ခံစားချက် တွေ ဖလှယ်ကြပြီး အတူတကွတစ်ဦးနဲ့တစ်ဦးဖြေသာနှစ်သိမ့်နိုင်ပါတယ်"

ကူညီပံ့ပိုးမှုကွန်ယက်တွင်မပါဝင်လိုသူ အမျိုးသမီးများကစကားပြောဆိုရန် အတွက်အလွန်အမင်း ရှက်ရွံ့ကြောင်း နှင့် ရှင်သန် ကျန်ရစ်သူတစ်ဦးက ပြောပြသည်မှာပံ့ပိုးမှုအဖွဲ့သို့ ပါဝင်ရန်မှာသတ်မှတ် ချိန် နှင့် ဖြစ်၍ခက်ခဲကာ သူမအနေဖြင့် အလုပ်လုပ်ရန်လိုအပ်သဖြင့် အချိန်မပေးနိုင်ကြောင်းဟုဖြစ်သည်။ အခြားအမျိုးသမီးတစ်ဦးကလည်း သူမ၏ကျန်းမာရေးအခြေအနေနှင့် အသက်အရွယ် ထောက်လာမှုတို့ကို အကြောင်းပြကာပံ့ပိုးမှုကွန်ယက်တွင် မပါဝင်လိုကြောင်းဆိုပါသည်။

"ကျွန်မရဲ့အကြောင်းအဖြစ်အပျက်တွေကိုအခြားရှင်သန်ကျန်ရစ်သူတွေကိုမပြောပြချင်ဘူး။ ကျွန်မအရမ်း ရှက်တယ်။"

နောက်တစ်ဦးကလည်း –

"ကျွန်မကအသက်ကြီးပြီ။ ငယ်တဲ့သူတွေကိုပဲမေးပါ။ ကျန်းမာရေးကလဲ သိပ်မကောင်းလှဘူး။ တစ်ခါတစ်လေ ရင်ဘတ်အောင့်တယ်၊ သွေးတိုးလဲရှိတော့ကာ မော်တော် ဆိုင်ကယ်လဲ အကြာကြီးမစီးနိုင်ဘူး။"

"ဗမာစကားပုံတစ်ခုရှိတယ်။ အမျိုးသမီးတွေကသစ်ရွက်တွေလိုပဲ၊ ဖက်ပေါ်ဆူးကျလဲဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလဲဖက်ပေါက်ပဲ။ နေရာတိုင်းလိုလိုမှာပဲ အမျိုးသမီးတွေကထိလွယ်ခိုက်လွယ်တယ်"
ရပ်ရွာအကြီးအကဲ

## ဘာသာရေး အသိုင်းအဝန်းများ

ဤကဏ္ဍတွင် ဘာသာရေးအသိုင်းအဝန်းမှသူများ၊ ရပ်ရွာလူထုအကြီးအကဲများအား တွေ့ဆုံမေးမြန်းခြင်း၊ ရပ်ရွာရှိအမျိုးသမီးများ နှင့် စကားဝိုင်းဆွေးနွေးခြင်းတို့ဖြင့် တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ အားလုံးသော ရပ်ရွာလူထုအဖွဲ့ဝင်များ နှင့် စကားဝိုင်းဆွေးနွေးပွဲများက ပုံစံအမျိုးမျိုးရှိသာ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်ခြင်းကို အမည်ဖော်နိုင်ခဲ့သည်။ ထို့အပြင် အဆိုပါ အရေးကိစ္စသည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာအနှံ့တွင် အဓိကအားဖြင့် စိုးရိမ်စရာ ကိစ္စဖြစ်နေကြောင်း နားလည်လက်ခံစေခဲ့သည်။ အထူးသဖြင့် ဘာသာရေး ခေါင်းဆောင်များ အနေဖြင့် ၎င်းတို့၏ အသိုင်းအဝန်းအတွင်းတွင် ထိုကိစ္စမျိုး ဖြစ်ပွားခြင်းမျိုးကို ငြင်းဆိုသောသဘောထားသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရသည်။ (အခြားသော အသိုင်းအဝန်း၊ အခြားဘာသာ၊ အခြားလူမျိုးများနှင့် အခြားနိုင်ငံများကို အပြစ်တင်ခဲ့ကြသည်။) တွေ့ဆုံမေးမြန်းမှုများရှေ့ဆက်တိုးတက်လာသည်နှင့်အမျှပါဝင်ဆွေး နွေးသူများသည် ၎င်းတို့ ဒေသအတွင်း ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုကိစ္စများကိုဖော်ထုတ်ပြောဆိုလာခဲ့ကြသည်။

ခွဲခြမ်းစိတ်ဖြာမှုများမှ အောက်ပါ အဓိက အချက်များပေါ်ထွက်လာခဲ့သည်။

၁။ အကြမ်းဖက်မှုကိုကျူးလွန်စေသူများ

၂။ တိုင်ကြားရန်အဟန့်အတားများ နှင့် ရှင်သန်ကျန်ရစ်သူများ၏ နှုတ်ဆိတ်နေမှု

၃။ နှုတ်ဆိတ်နေမှုကိုထပ်လောင်းအားပေးခြင်း

၄။ ရှင်သန်ကျန်ရစ်နေသူများအားရပ်ရွာအသိုင်းအဝန်းမှတုန့်ပြန်မှု

၅။ ဘာသာရေးအခြေပြုသောတုန့်ပြန်မှုကိုခိုင်မာစေမှု

## ၁။ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများကို ကျူးလွန်စေသူများ

အကြမ်းဖက်မှုဖြစ်ပွားစေသောအကြောင်းများရင်း၏အရင်းအမြစ်အခြေအနေများကို ကိုယ်စားပြုနေသည်မှာ ကျူးလွန်စေသူများဖြစ်သည်။ ထိုအခြေအနေများတွင် လူ့အဖွဲ့အစည်း တစ်ခု၏ဥပဒေ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေများ ပါဝင်နိုင်သည်။ လူထုအကြားတွင် အမျိုးသမီးအဖွဲ့များ တက်ကြွစွာ ပါဝင်လာခြင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသည့် စကားရပ် (နိုင်ငံတကာ အမျိုးသမီးအခွင့်အရေး) ၏ အဓိပ္ပါယ်နှင့် ကျူးလွန်စေသူ တို့ကို ပိုမိုနားလည်လာစေသည်။ ဘာသာရေးအသိုင်းအဝန်းများ၏ ဖော်ထုတ်ချက်များမှ အောက်ပါ ကျူးလွန်စေသူများ ပေါ်ထွက်လာပါသည်။

- ဆင်းရဲမှု နှင့် အလုပ်အကိုင် ရှားပါးခြင်း – ဆင်းရဲမွဲတေသော လူမှုအသိုင်းအဝိုင်းတွင် အခွင့်အလမ်းရှားပါးမှုသည် အမျိုးသမီးများအတွက်အန္တရာယ်တစ်ရပ် ဖြစ်သည်။ အထူးသဖြင့် မှုခင်းဖြစ်ပွားမှုများပြားသော ဒေသနှင့် မူးယစ်ဆေးဝါးအလွဲသုံးစွဲမှု များပြားသောနေရာများတွင် အထူးသဖြင့် ဖြစ်ပေါ်လေ့ရှိသည်။

"တခြားနေရာတွေမှာ အလုပ်သွားလုပ်ရင်မုဒိမ်းမှုလိုကိစ္စမျိုးဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ သူတို့က ဆင်းရဲတယ်၊ နေထိုင်ရေး အခက်အခဲရှိတယ်။ မိဘတွေအဆင်ပြေနေရင် သူတို့လဲ ဘယ်မှသွားစရာမလိုဘူး။ အခြားအိမ်မှာ အလုပ်လုပ်စရာမလိုဘူး။ အဲဒါ အကောင်းဆုံးပဲ"
ရပ်ရွာ အကြီးအကဲ

"ကျွန်မတို့ ရပ်ရွာမှာ ဘာမှမရှိဘူး"
အမျိုးသမီးများစကားဝိုင်းဆွေးနွေးခြင်း

- လုံခြုံမှုမရှိသောနေရာများ – ကြီးကြပ်စောင့်ထိန်းမှုကင်းကွာခြင်း၊ မိသားစုနှင့်နေအိမ်မှ ခွဲခွါပြီးအဝေးသို့အလုပ်သွားရောက်လုပ်ကိုင်ရခြင်း၊ စိုက်ခင်းများတွင် အလုပ်လုပ်ရခြင်း၊ မိဘမဲ့ဖြစ်ခြင်း တို့သည် အမျိုးသမီးများ နှင့် ကလေးများအတွက် အဓိက စိန်ခေါ်မှုများဖြစ်ကြောင်း ဘာသာရေး အသိုင်းအဝန်းများကပြောကြားသည်။

"အမျိုးသမီးငယ်လေးတစ်ယောက်ထဲ တစ်နေရာရာသွားတာမျိုး၊ စိုက်ခင်းထဲသွားတာမျိုး ဖြစ်ဖြစ်ပေါ့၊ အကာအကွယ်မဲ့တယ်လေ။ အဲလိုနေရာမျိုးမှာ ယောကျ်ား တစ်ယောက် ဒါမှမဟုတ် အချို့က အဲဒီလိုမိန်းကလေးမျိုးကို မုဒိန်းမှုကျူးလွန်ဖို့ စောင့်နေနိုင်တယ်။"
ရပ်ရွာအကြီးအကဲ

- အလွဲသုံးစားမှု – အရက်သေစာ သောက်သုံးခြင်းသည်လည်း အကြမ်းဖက်မှု ဖြစ်ပွားရခြင်းအကြောင်းအရာတွင် ပါဝင်ကြောင်း ပါဝင် တက်ရောက်သူ အများစုက မီးမောင်းထိုးပြခဲ့ကြသည်။

"မူးယစ်ဆေးဝါး သုံးစွဲထားရင် အမှားအမှန် မခွဲခြားနိုင်တော့ဘူး။ ဗမာပြည်မှာအဲဒီလိုနေရာဒေသ တစ်ခုရှိတယ်။ အဲလိုဆေးသုံးထားရင် အမျိုးသားတွေမှာလိင်စိတ်ကို ထကြွစေတဲ့အတွက် ပြဿနာဖြစ် စေနိုင်တယ်"
ရပ်ရွာအကြီးအကဲ

"ယောက်ျားက အရက်အရမ်းသောက်တယ် မူးပြီးပြန်လာရင် မိန်းမကို ဆဲဆိုကြိမ်းမောင်းတယ် အဲဒါလည်း အကြမ်းဖက်မှု တစ်မျိုးပဲ အဲဒီတော့ ရပ်ရွာထဲမှာ မိန်းမတိုင်းလိုလို အဲလိုလုပ်တာကို ခံနေရတယ်။ အဲဒါကိုရော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလို့ ခေါ်မလား (ရယ်သံများ) နားမလည်နိုင်တာက သူ့မိန်းမက တစ်ခွန်းမှ မပြောဘူး။ ကျွန်မအနေနဲ့လက်မခံနိုင်ဘူး။ ဒါပေမယ့်လည်း တိတ်တိတ်နေရုံပဲ တတ်နိုင်တယ်။ အဲဒီ ပြဿနာကို ဘယ်လို ဖြေရှင်းကြမလဲ?

အမျိုးသမီးစကားဝိုင်းဆွေးနွေးခြင်း

- ပဋိပက္ခဖြစ်ပွားရာဒေသ နှင့် ပြောင်းရွှေ့နေရာချထားရာတွင် နေထိုင်ခြင်း – ဖြစ်ပွားလျက်ရှိသော ပဋိပက္ခ နှင့် အများအပြား ပြောင်းရွှေ့နေထိုင်ရမှုများသည် အမျိုးသမီးများ အတွက်ကြီးမားသော အန္တရာယ်ဖြစ်ကြောင်းတွေ့ဆုံမေးမြန်းမှုများတွင်ထောက်ပြကြသည်၊ မြန်မာနိုင်ငံ အချို့ဒေသများတွင် အမျိုးသမီးများနှင့် ကလေးများသည် လက်နက်ကိုင် တပ်ဖွဲ့များ၏ ပေါ်တာအဖြစ် ခေါ်ဆောင်သွားခြင်းကို ခံနေကြရသည်၊ ရပ်ရွာအကြီးအကဲတစ်ဦး၏ မျက်မြင်အဆိုအရ ထိုပေါ်တာဆွဲခြင်းသည် ရက်စက်သော အစွန်းရောက် အကြမ်းဖက်မှု ဖြစ်ကြောင်း သိရှိရသည်။

"သူတို့က နေ့လည်တွေမှာ မိန်းမတွေကို ပစ္စည်းတွေ သယ်ခိုင်းတယ်။ ညကျရင် မုဒိန်းကျင့်တယ်။ အသက် ၅၀ ကျော်တဲ့ မိန်းမတွေက လက်မခံဘူး။ အဲဒီတော့ အမျိုးသမီးတစ်ယောက်ရဲ့မိန်းမအင်္ဂါကို မီး နဲ့ ရှို့ကြတယ်။ အားလုံးရှေ့မှာ ရှို့တာနော် အဲဒါကို ကျွန်မတောင်ကုန်းပေါ်ကနေ ကြည့်ပြီး လှမ်းမြင်ခဲ့ရတာ"

ရပ်ရွာအကြီးအကဲ

- နိုင်ငံရေးအပြောင်းအလဲ နှင့် ပဋိပက္ခက ကျားမရေးရာအခန်းကဏ္ဍ နှင့် စံယူဆချက်များကိုတွန်းပို့ ပြောင်းလဲစေခြင်း - ဦးတည်အုပ်စုဖွဲ့အမျိုးသမီးစကားဝိုင်း ဆွေးနွေးခြင်းတွင် ပဋိပက္ခဖြစ်ပွားစဉ်ကာလမှာ အမျိုးသမီးများသည် ကာကွယ်စောင့်ရှောက်သူများ၊ တစ်အိမ်လုံးကို လုပ်ကိုင်ကျွေးမွေးသူများ ဖြစ်လာကြောင်း၊ ထို့ကြောင့် ကျားမရေးရာ အခန်းကဏ္ဍသတ်မှတ်ချက်သည် ပြောင်းလဲလာ ကြောင်းကို အထူးပြု ဆွေးနွေးခဲ့ကြသည်၊ ဤရှုထောင့်ပေါ်တွင် ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ရွာလူထုခေါင်းဆောင်များ၏ အမြင်မှာမူ ကွဲပြားခြားနားနေသည်။ ခေါင်းဆောင်များ၏ အမြင်မှာ အမျိုးသမီးများသည် အားငယ်သူများ၊ အားနည်းသူများဖြစ်သည်။ အထူးသဖြင့် လုံခြုံမှုကင်းမဲ့သော အခြေအနေတွင် ၎င်းတို့၏ လုံခြုံရေးမှာ အန္တရာယ်ရှိနေသည့်အတွက် ဖြစ်သည်။

"ဘာလို့ဆို မိန်းမတွေက အားနည်းတယ် တစ်ခါတစ်လေ သူတို့ အပြင်သွားရင်း မုဒိန်းကျင့်ခံရတာ မျိုးတွေရှိတယ်"

ရပ်ရွာအကြီးအကဲ

"ဘာလို့ဆို လက်နက်ကိုင်အဖွဲ့တွေက ယောက်ျားတွေကို ခေါ်သွားတယ်လေ။ သူတို့မိန်းမတွေက ယောက်ျားတွေကို ကာကွယ်ပေးရမယ်လေ၊ အဲဒီတော့ကာသူတို့ကလက်နက်ကိုင်အဖွဲ့တွေ အတွက်အလုပ်လုပ်ပေးဖို့အတင်းအကျပ်အခိုင်းမခံရတော့ဘူး"

အမျိုးသမီးအုပ်စုဖွဲ့ဆွေးနွေးခြင်း

## ၂။ တိုင်ကြားရန်အတွက်အဟန့်အတားများ

- ကြိုတင်ကာကွယ်ခြင်းအတွက် ဗဟုသုတနည်းပါးခြင်း၊ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ မူဝါဒများ၊ စီမံချက်များနှင့် ဥပဒေများ - ဥပဒေရေးရာနှင့် မူဝါဒ ဆိုင်ရာ ဗဟုသုတအားနည်းခြင်း၊ ဥပဒေနှင့် မူဝါဒများ၏ အရေးယူဆောင်ရွက်မှုနှေးကွေးခြင်းများက ထိရောက်သော တရားဥပဒေစိုးမိုးမှုနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှု အားနည်းခြင်းကိုနိုင်ငံအတွင်း၌ဖြစ်ပေါ်စေသည်။ ဘာသာရေးခေါင်း ဆောင်များကလိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာကိုအခြေပြုသောအကြမ်းဖက်မှုများကိုင်တွယ်ဖြေ ရှင်းရန် အသင်းတော်အဆင့်မူဝါဒများတွင်အရေးကြီးပုံကိုထောက်ပြခဲ့သည်။

"အသင်းတော်အနေနဲ့ အစီအစဉ်တစ်ခုချမှတ်ရမယ် ချမှတ်ပြီးရင် တစ်ဆင့်ချင်း အရေးယူဆောင်ရွက်မှုတွေ လုပ်ရမယ် သူတို့စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ် လုပ်ရမယ်။ မိန်းကလေးတွေ အနေနဲ့ သူတို့ရဲ့ လိင်ပိုင်းဆိုင်ရာ အခွင့်အရေးကို အရယူနိုင်အောင် တခြားအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး အဲဒီအကြောင်းအရာကို သင်ပေးရမယ်။ လူတိုင်းကို စာသင်ပေးရမယ်။ သီးသီးသန့်သန့်နေရင်တောင်မှလူတိုင်းဟာသူတို့ဒေသမှာ ဖြစ်ပျက်သမျှ အကြောင်းအရာတွေကို ကြားနိုင်ရမယ်။ အဲဒါဆို အားလုံး ပိုကောင်းလာလိမ့်မယ် တခြားနည်းလမ်းကတော့ ဆောင်းပါး နဲ့ အထောက်အထားတွေသုံးဖို့ပဲ ဆောင်းပါး ကို ကိုယ့်ဘာသာရေးပြီး ဖြန့်ဝေရမယ် အဲ့ဒါကိုကျေးလက်မှာနေတဲ့သူတွေဆီလဲရောက်အောင်ပို့ ရမယ်။ ရှင်းရှင်းပြောရရင်တော့ ဗဟုသုတတွေ ပိုမိုကျယ်ပြန့်လာစေသင့်တယ်"

ရပ်ရွာအကြီးအကဲ

"အနာဂတ်ကာလမှာအဲဒီအကြောင်းအရာကိုကာကွယ်ဖို့ ဥပဒေကအရေးကြီးတယ်။ ဥပဒေတွေ သာရှိမယ်ဆိုရင် မှုခင်းတွေလည်း လျော့နည်းလာမှာပဲ"

ရပ်ရွာအကြီးအကဲ

- ထိရောက်မှုမရှိသော တရားစီရင်ရေးစံနှစ် – တွေ့ဆုံမေးမြန်းမှုများမှ ရရှိသော အခြားအချက်တစ်ချက်မှာ ထိရောက်မှုအားနည်းသော တရားစီရင်ရေးစံနစ်ဖြစ်သည်။ ယင်းအချက်သည် အမျိုးသမီးများလူ့အခွင့်အရေးကို အကာအကွယ်ပေးသော ဥပဒေများ နှင့် မူဝါဒ များ မရှိခြင်း နှင့် ချိတ်ဆက်နေသည်။ ရှင်သန်ကျန်ရစ်သူများထဲမှ အထူးသဖြင့်တိုင်းရင်းသား လူနည်းစုများဖြင့်တွေ့ဆုံမေးမြန်းရာတွင် အမှုပြန်ပတ်ကာတစ်ကျော့ပြန်ဒုက္ခသည်ဖြစ်ရခြင်းကို ကြောက်ရွံ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

"ရှင်သန်ကျန်ရစ်သူတွေဟာတရားရုံးတွေ နဲ့ ရုံးတွေကို ကြောက်တယ် အဲဒီမှာစကားပြောဖို့ သတ္တိမရှိဘူး။ တစ်ခုခု ဖြစ်လာရင် သူတို့က ဘုရားကိုပဲ မှီခိုအားကိုးကြတယ်"

ရပ်ရွာအကြီးအကဲ

- ဘာသာစကားအခက်အခဲ – အမျိုးသမီးအုပ်စုလိုက် စကားဝိုင်းဆွေးနွေးပွဲတွင် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုမှရှင်သန်ကျန်ရစ်သူများ အနေဖြင့် အဓိကဘာသာစကား (ဗမာစကား) ကို ပြောဆိုရန် အခက်အခဲရှိကြောင်း ပြောကြားခဲ့သည်။ ထိုအခက်အခဲသည် ၎င်းတို့၏ တရားစီရင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် အမျိုးသမီးများအတွက် အဓိကကျသော အတားအဆီးဖြစ်သည်။

"ကျမတို့ ဗမာစကားပြောဖို့ အခက်အခဲရှိတယ် ဗမာစကားကို ကောင်းကောင်း မပြောနိုင်ဘူး"

အမျိုးသမီးအုပ်စုဖွဲ့စကားဝိုင်း

အမည်းစက်ကိုကြောက်ရွံ့ခြင်း (သို့) မကောင်းသော ဂုဏ်သတင်းကျော်ဇောခြင်း – ဤအကြောင်းအရာကို အမျိုးသမီးများအုပ်စုဖွဲ့စကားဝိုင်းနှင့် ရပ်ရွာအကြီးအကဲများတို့၏ ပြောစကားများတွင် အထူးပြုဖော်ပြထားသည်။ ရှင်သန်ကျန်ရစ်သူများအပေါ် ဆက်ဆံသည့် အနှုတ်သဘော တုံ့ပြန်ခြင်းများသည် တစ်ခါတစ်ရံ တွင်လူထုအသိုင်းအဝန်းအနေဖြင့် အမည်းစက်များကို ရှောင်ကျဉ်ခြင်းနှင့် အခြားလူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခြင်း၊ သားကောင်သဖွယ် ဖြစ်စေခြင်းတို့ကို ကာကွယ်ရန်ဖြစ်သည်။ အချို့ရှင်သန်ကျန်ရစ်သူများသည် စစ်တပ်မှ စစ်ဆေးမေးမြန်းခြင်းကို ကြောက်ရွံ့ကြောင်း ဖော်ပြခဲ့သည်။ တွေ့ဆုံမေးမြန်းမှုတခုတွင် ဘာသာရေး ခေါင်းဆောင်တစ်ဦးက ကလေးတစ်ယောက်အပြစ်တစ်ခုခုပြုမိသဖြင့် အပြစ်တင်ခံ ရခြင်းမျိုးကို ကလေးမိဘများကမပြောပြလိုသော ပုံစံမျိုးပင်ဖြစ်ကြောင်းဟုဆိုသည်။

"တချို့လူတွေက သူများတွေရဲ့အကြောင်းပြောတာတွေနားထောင်ပြီး သားကောင်ဖြစ်သွားမှာကို ကြောက်လာကြတယ်"

အမျိုးသမီးအုပ်စုဖွဲ့ဆွေးနွေးခြင်း

ငယ်ငယ်ရွယ်ရွယ်ဖြင့်အကြမ်းဖက်ခံရသူတစ်ဦး၏ မိခင်သည် စီးပွားရေးအဆင်မပြေဖြင်းနှင့် ရှက်ရွံ့ခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့ကြောင်း ရပ်ရွာအကြီးအကဲတစ်ဦးက ပြောပြခဲ့သည်။ ထိုအချက်မှာနာကျင်မှုများကိုခံစားရသည်ကိုမမြင်ပဲလူ့အဖွဲ့အစည်းကအကြမ်းဖက်ခံရသူများနှင့်၎င်းတို့၏မိသားစုဝင်များကို ဖယ်ကျဉ်ထားသဖြင့်နောက်ဆက်တွဲဆိုးရွားပြင်း ထန်သည့်အရာပင်ဖြစ်သည်။ ရပ်ရွာသားတစ်ဦးမှအချို့သူများသည် စုံစမ်းစစ်ဆေးခံရမည်ကို ကြောက်ရွံ့သဖြင့်မတွေ့မမြင်ယောင်ဆောင်ကြကြောင်းကိုပြောကြားခဲ့သည်။

"ကျမတို့က စုံစမ်းစစ်ဆေးခံရမှာ ကြောက်တယ်"

- ဘာသာရေးခေါင်းဆောင်များသည် ရှေးရိုးစွဲ တယူသန်များဖြစ်ခြင်း – ရပ်ရွာအကြီးအကဲ ၂ဦးသည် ဘာသာရေးခေါင်းဆောင်များအနေဖြင့်လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြု အကြမ်း ဖက်မှုဆိုင်ရာကိစ္စများတွင်ဘာသာရေးခေါင်းဆောင်များသည် ရှေးရိုးစွဲဆန်ပြီး နားလည်မှုမရှိကြောင်းပြင်းပြင်းထန်ထန်ပြော ဆိုခဲ့ကြသည်။

"လူတွေကသာ ရှင်သန်ကျန်ရစ်သူတွေကို မပံ့ပိုးကြဘူးဆိုရင် သူတို့ရဲ့ အသင်းတော်ဟာ တကယ်ဆိုးတဲ့အခြေအနေဖြစ်နေပြီ။ အသင်းတော်မှာလည်းသူတို့ရဲ့ ဝိဉာဉ်ရေးရာအားအင်က လည်းမပြည့်စုံဘူးဖြစ်မယ်"

"ကျွန်မဘာယ်လိုပြောရမလဲ၊ ဘာသာရေးအဖွဲ့အစည်းတွေရဲ့ အမြင်ကခေတ်နောက်ကျလွန်းနေပြီ"

- ယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အယူအဆစွဲများ – တွေ့ဆုံမေးမြန်းမှု အများစုသည် ကျားမ ရေးရာတန်းတူမညီမျှမှုနှင့် အန္တရာယ်ရှိသာဓလေ့ထုံးစံအစွဲများတို့ကို စူးစိုက်လေ့လာသော ပွင့်လင်းသည့် တွေ့ဆုံမေးမြန်းမှုများဖြစ်သည်။ ရှင်သန်ကျန်ရစ်သူများသည် ၎င်းတို့၏ ဝတ်စားဆင်ယင်ပုံ၊ ညဘက်တစ်ဦးတည်း အပြင်ထွက်ခြင်း၊ ယောက်ျားလေး အပေါင်းအသင်းများခြင်း နှင့် ဆိုဆုံးမရခက်ခြင်း စသည့်အမျိုးမျိုးသော အကြောင်းများကြောင့် ဆိုးသွမ်းတယ်၊ ထိန်းလို့မရဘူး စသည်ဖြင့်ပြစ်တင်ပြောဆိုခြင်းခံရသည်။

"ဘာသာရေးခေါင်းဆောင်အနေ နဲ့ ကျွန်မတို့ဟာ ဆုံးမရခက်တဲ့သူတွေကို ထိန်းချုပ်ရမယ်။ အခုကမ္ဘာကြီးက အရမ်း အန္တရာယ်များပါတယ် သူများ တိုက်တဲ့ ဖျော်ရည်ကို မသောက်ပါနဲ့ ကိုယ့်ဘာသာ ဖျော်သောက်ပါ သူများတိုက်တဲ့ အအေးထဲမှာ ဘယ်လို ဆေးဝါးမျိုး ပါလာနိုင်တယ် ဆိုတာ ကြိုမသိနိုင်ဘူးလေ။ ကျွန်မတို့ ငယ်ငယ်တုန်းက မိဘတွေက မိန်းကလေးဆိုတာ အော်ပြီးမရယ်ရဘူး ပြုံးရုံပဲပြုံးရမယ်လို့တောင် ဆုံးမခဲ့တာ"
ဘာသာရေး ခေါင်းဆောင်

"ဘာသာရေးခေါင်းဆောင်အနေ နဲ့ ထိန်းချုပ်တဲ့နေရာမှာ ကူညီသင့်တယ် အခုခေတ်ကလေးတွေ ဝတ်စားဆင်ယင်တာ အတိုလေးတွေ ဝတ်တာ ဘာမှဂတ်မထားသလိုဘဲ မြန်မာ့ယဉ်ကျေးမှု နဲ့ လည်း မကိုက်ဘူးလေ ငယ်ငယ်တုန်းက TV မှာ ဒေါ်ရီကျိန်ရဲ့ အမျိုးသမီးတွေ ကိုယ်ကျင့်တရား အကြောင်း နားထောင်ခဲ့ဖူးတယ်။ အခုခေတ်မှာ အဓမ္မမှုတွေ ဖြစ်ရတဲ့ အဓိက အကြောင်းရင်းက မိန်းကလေးတွေ အတိုအပြတ်အဟိုက်တွေ ဝတ်ထားကြတော့ ပတ်ဝန်းကျင်က ယောက်ျားတွေကို မြူဆွယ်သလို ဖြစ်နေလို့ပဲ"
ဘာသာရေး ခေါင်းဆောင်


- "အခြားသူများသာ"နှင့်ငြင်းဆိုခြင်း–ဘာသာရေးခေါင်းဆောင်များ၊ရပ်ရွာအကြီးအကဲများနှင့်အမျိုးသမီးအုပ်စု ဖွဲ့ဆွေးနွေးမှုများအားလုံးလိုလိုပင်ကြိမ်ဖန်ထပ်ကာပြောလေ့ရှိသည် မှာအခြားရွာများတွင်ဖြစ်ပွားသည့်ကိစ္စရပ်များအကြောင်း သာဖြစ်သည်။ သို့တည်းမဟုတ်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည်ကြီးမားသောကိုင်တွယ်ဖြေရှင်း ရန်ကိစ္စဖြစ်သည်ကိုကျော်လွန်၍ ကြည့်ကာမိမိတို့ရပ်ရွာတွင်ရှားပါးဖြစ်ခဲ့သည့် ကိစ္စဟုဆိုကြသည်။

လူတွေ့မေးမြန်းမှု ၂ ခု တွင်ဘာသာရေးခေါင်းဆောင်များက၎င်းတို့၏ရပ်ရွာများအတွင်းလိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုရှိသည်ကို ကနဦးတွင် ငြင်းဆိုပြီးထိုနောက်မှသာဖြစ်ရပ်များအကြောင်း သိမြင်လာကာပြောဆိုခဲ့ကြသည်။ အခြားသူများသာ ဆိုသည်တွင်မိမိတို့ နှင့် ခြားနားသူများအခြားသောလူ မျိုးနွယ်စု သို့မဟုတ် ဘာသာတရား ကိုအပြစ်တင်ကြကာ ၎င်းမှာ၍ သုတေသနတစ်လျောက်လုံး တွင်ပါဝင်နေသော ယဏ္ဍန်းချည်သဖွယ်ပင်ဖြစ်လေသည်။

## ၃။ အသံတိတ် ဆိတ်ဆိတ်နေခြင်း

ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ နှင့် တွေ့ဆုံမေးမြန်းခြင်းအားဖြင့် ရှင်သန်ကျန်ရစ်သူများ၏ ဆိတ်ဆိတ်နေမှု နှင့် ထုတ်ဖော်ပြောဆိုရန် ငြင်းပယ်မှုများက ၎င်းတို့ကို ကူညီရာတွင် အတားအဆီး ဖြစ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အကယ်၍ သူတို့သာ ဖွင့်ဟပြောဆိုလျှင် ဘာသာရေး အဖွဲ့များကလည်း တုံ့ပြန်မှုပြုလုပ်ပေးနိုင်သည်။ အောက်ဖော်ပြပါ ပုံ (၁) တွင် ဖော်ပြချက်များသည် ထပ်ပြန်တလဲလဲ ဖြစ်ပေါ်နေစေကြောင်းတွေ့ရသည်။ ရှင်သန်ကျန်ရစ်သူများ၏ ခါးသီးမှု၊ ၎င်းတို့၏ အသံမဲ့ ဆိတ်ဆိတ်နေခြင်း နှင့် လူထုမှတုံ့ပြန်မှုများက ဆက်စပ်နေပုံ တို့ကို နှိုင်းယှဉ်ထားသည့် စက်ဝန်းဖြစ်သည်။

Figure (1) အသံမဲ့တိတ်ဆိတ်မှုကို အားကောင်းစေခြင်း




## ၄။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများ မှရှင်သန်ကျန်ရစ်သူများအပေါ် လူထုအသိုင်းအဝန်း၏တုံ့ပြန်မှု

ဘာသာရေး နှင့် လူမှုရေးခေါင်းဆောင်များ၊ အမျိုးသမီးအုပ်စုများထံမှ ရောထွေးနေသော တုံ့ပြန်မှုအမျိုးမျိုးကိုရရှိသည်။ ရပ်ရွာလူထုခေါင်းဆောင်(၁၁)ဦး ကလိင်ပိုင်းဆိုင်ရာ နှင့် ကျား မ ရေးရာ အခြေပြုအကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များတွင် ဘာသာရေးအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ခြင်း သည် အလွန်တန်ဖိုးကြီးကြောင်း ဖော်ပြခဲ့ကြသည်။

© TEARFUND 2016

■ လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများမှ ရှင်သန်ကျန်ရစ်သူများကို စောင့်ရှောက်ခြင်း – လူမှုအဖွဲ့အစည်း ခေါင်းဆောင် (၁၀) ဦးအား တွေ့ဆုံမေးမြန်းရာတွင် ရှင်သန်ကျန်ရစ်သူများ အပေါ် အပြုသဘောဆန်သည့် တုန့်ပြန်မှုနှင့် အမြင်ကြည်လင်စွာ စောင့်ရှောက်မှုတို့သည် အရေးပါကြောင်းသုံးသပ်တွေ့ရှိရသည်။ ထိုတွေ့ဆုံမေးမြန်းမှုအများစုမှာ ရပ်ရွာအကြီးအကဲများက သင်တန်းများ၊ ဗဟုသုတနှင့် အသိပညာမျှဝေခြင်းများကို ပြုလုပ်ပေး သင့်ကြောင်းတောင်းဆိုခဲ့ကြသည်။ ဘာသာရေးခေါင်းဆောင်များက ထိခိုက်လွယ်သော အမျိုးသမီးများကို ပြစ်တင်နေမည့်အစား ထိုအမျိုးသမီးများကို တာဝန်တစ်ရပ်အနေဖြင့် စောင့်ရှောက်သင့်ကြောင်း ဖော်ပြခဲ့သည်။

"ကျွန်မ သူတို့ကို ကိုယ့်သမီးလေးတွေလို ကိုယ့်ညီမတွေလို အားပေးစောင့်ရှောက်မယ်"
ရပ်ရွာအကြီးအကဲ

"သူတို့ကို လူသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ပြန်ရစေချင်တယ်။ အဲဒါ ကျွန်မတို့ရဲ့ ပထမ ဦးစား ပေးပဲ"
ဘာသာရေးခေါင်းဆောင်

■ ကျူးလွန်သူနဲ့ ရှင်သန်ကျန်ရစ်သူတို့ လက်ထပ်ဖြစ်အောင် တွန်းအားပေးခြင်း – ရှေးရိုးစွဲနေသည့် ဘာသာရေးအဖွဲ့အစည်းများက ကျူးလွန်သူနှင့် ရှင်သန်ကျန်ရစ်သူတို့ကို ယဉ်ကျေးမှု ထုံးတမ်း စဉ်လာအရ လက်ထပ်ကြရန် ညှိနှိုင်းပေးလေ့ရှိကြသည်။ ရှင်သန်ကျန်ရစ်သူများအား တွေ့ဆုံမေးမြန်းရာတွင် အမျိုးသမီး (၃) ဦးသည် လက်ထပ်ခွင့်တောင်းဆိုခံခဲ့ရပြီး တစ်ဦးက သဘောတူခဲ့သည်။

"ကျွန်မတို့ သူတို့အတွက် ဆုတောင်းပေးရမယ် သူတို့ဖွင့်ပြောလာရင် ဖြေရှင်းပေးဖို့လိုအပ်တယ်။ ယောကျ်ားလေးက တာဝန်မယူဘူးဆိုရင် ဘုရားကျောင်းနဲ့ မိဘတွေက သူမကို စောင့်ရှောက်ရမယ်။ ယောကျ်ားလေးက တာဝန်ယူမယ်ဆိုရင်တော့ သူတို့အတွက် စေ့စပ်ညှိနှိုင်း ပေးလိုက်ရုံပဲ မဟုတ်ဘူးလား"
ဘာသာရေးခေါင်းဆောင်

■ ဘာသာတရား၏ စည်းမျဉ်းစည်းကမ်းများ – ဘာသာရေးနှင့်ရပ်ရွာလူထု၏ခေါင်းဆောင်များက– ဘာသာရေးဆိုင်ရာဆောင်ရွက်ရသူများသည် ဘာသာတရား၏ စည်းမျဉ်းစည်းကမ်းများ၏ ကန့်သတ်ခြင်းကို ရင်ဆိုင်ရသည်ဖြစ်၍ ရှင်သန်ကျန်ရစ်သူများကို နှင်ထုတ်ခြင်းကဲ့သို့သော စီရင်မှုမျိုးကို ပြုလုပ်ရသည်ဟု ဖော်ပြထားသည်။

"ဟုတ်တယ်၊ ကျွန်မတို့ အသင်းတော်ဥပဒေအရ သိပါတယ်။ ဒါဟာယောကျ်ားနဲ့မိန်းမတွေကြားက အမှားပဲ၊ အသင်းတော်ကနေ မောင်းထုတ်လိုက်တယ်"
ဘာသာရေး ခေါင်းဆောင်

## ၅။ ဘာသာရေးကို အခြေခံသော တုံ့ပြန်မှုကို အားကောင်းစေခြင်း

ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအဖွဲ့အစည်းများတို့သည် ဗဟုသုတနှင့် ဗဟုသုတရနိုင်မည့် အခွင့်အလမ်း အရင်းအမြစ်များကို မြှင့်တင်အားဖြည့်ထားရန်လိုအပ်သည်။ - ဗဟုသုတနှင့်အရင်းအမြစ်များအခြေခံအားဖြင့်ငွေကြေးအားနည်းခြင်းသည် ဘာသာရေးနှင့် ရပ်ရွာလူထု ခေါင်းဆောင်များအတွက်အဓိကအနှောင့်အယှက် အတားအဆီး တစ်ခုဖြစ်သည်။ ဘာသာရေး ဆိုင်ရာ တုံ့ပြန်မှု အားကောင်းလာစေရန်အတွက် ခေါင်းဆောင်များသည် ၎င်းတို့၏ ဗဟုသုတနှင့် နားလည်နိုင်စွမ်းတို့ကို မြှင့်တင်ပေးသည့် သင်တန်းမျိုးအား တက်ရောက်ရန် လိုအပ်ပါသည်။ ထို့ပြင် ရှင်သန်ကျန်ရစ်သူများအား ကူညီနိုင်မည့် အရင်းအမြစ်များကိုလည်း ရှာဖွေရပါမည်။

"ရှင်သန်ကျန်ရစ်သူများအား ပံ့ပိုးရန်အတွက် လူထုအားပညာပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းနှင့် တိုက်တွန်းအားပေးနှစ်သိမ့်ဆွေးနွေးခြင်းတို့ ပြုလုပ်ပေးရမယ်။ နှစ်သိမ့်ဆွေးနွေးပေးခြင်းဟာ အရေးကြီးပါတယ်။ ကျွန်မတို့ကလည်း ဘာသာရေးခေါင်းဆောင်ဖြစ်နေတော့ နှစ်သိမ့်ဆွေးနွေးတာ ကိုပဲလုပ်နိုင်တာလေ။"
ဘာသာရေးခေါင်းဆောင်

"အဓိကကတော့ ဘာသာရေးခေါင်းဆောင်တွေက အရည်အချင်းမပြည့်တာပဲ။ သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းကလည်း မပြည့်စုံဘူးလေ။ တခါတလေရှင်သန်ကျန်ရစ်သူတွေကို ဘာသာရေးခေါင်းဆောင်တွေက ကူညီချင်ပါတယ် ဒါပေမယ့် ပိုက်ဆံမှ လုံလောက်အောင် မရှိဘူးဆိုတော့ သူတို့ကို ကူညီဖို့ မဖြစ်နိုင်တော့ဘူး"

ရပ်ရွာအကြီးအကဲ

"ဘာသာရေးခေါင်းဆောင်တွေ ဗဟုသုတနည်းတာနဲ့ အမြင်မပွင့်တာကလည်း အခက်အခဲ တစ်ခုဖြစ်တယ်။ ဒါပေမယ့် ဗဟုသုတက အရေးအကြီးဆုံးပဲ။ ဆိုရိုးတစ်ခုအတိုင်းဆိုရင် မရှိတာထက် မသိတာခက်တယ်လို့ ပြောရမယ်။ ကျွန်မတို့က လိင်ပိုင်းဆိုင်ရာကိစ္စတွေကို သမရိုးကျအတိုင်း ညစ်ညမ်းတယ်လို့ မြင်တာပေါ့။ ဉပမာ ဒီလိုကိစ္စမျိုး ကြုံတွေ့ခဲ့ရသူတွေဆိုရင် လည်ပင်းမှာစကောစွပ်ပြီးရွာထဲမှာ လှည့်ပြတာမျိုးနဲ့အပြစ်ပေးမယ်၊ ပြီးရင် ရွာကနေ မောင်းထုတ် ပစ်လိုက်တယ်"

ဘာသာရေးခေါင်းဆောင်

- အသိအမြင်ဖွင့်ခြင်းနှင့် ကွန်ရက်ဆက်သွယ်ခြင်းများ ပိုမိုဆောင်ရွက်ရန် – မြို့ငုံကြည့်ပါကသုတေသနတွင်ပူးပေါင်းပါဝင်သူ အားလုံးက ကွန်ရက်ဆက်သွယ်ခြင်းနှင့် အသိအမြင်ဖွင့်ခြင်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း ဖေါ်ပြကြသည်။

"ကျွန်မ အကြံပြုချင်တာက လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုအကြောင်းကို အဖွဲ့အစည်းတွေဆီကပိုပြီးသိမြင်နားလည်မယ်ဆိုရင်အဲဒါက အမျိုးသမီးတွေရဲ့ မသိနားမလည်မှုနဲ့ စိုးရိမ်မှုကို လျော့ကျစေပါတယ်။ အမျိုးသမီးအများစု နားလည်ထားတာက အမျိုးသမီး ဆိုတာ မီးဖိုချောင်ထဲမှာသာဖြစ်တယ်၊ သူတို့မှာ ဝင်ငွေမရနိုင်ဘူးလို့ မှတ်ယူထား ကြတယ်။ ယောကျ်ားတွေကလည်း အမျိုးသမီးဆိုတာ မိသားစုကို စောင့်ရှောက်ဖို့ပဲလို့ ပုံစံခွက်သဘောနဲ့မှတ်ယူထားကြတယ်။ ဒါကြောင့် အမျိုးသမီးနဲ့အမျိုးသားဟာ တန်းတူညီမျှမှုမရနိုင်ဘူး။ အမျိုးသမီးတွေကို အသိပညာ မြှင့်တင်ပေးသလိုပဲ အမျိုးသားတွေကိုလည်း တပြိုင်နက်ထဲ အသိပညာမြှင့်ပေးမယ်ဆိုရင် နှစ်ဖက်စလုံးက အပြန်အလှန် လေးစားနားလည်ကြလိမ့်မယ်"

ရပ်ရွာအကြီးအကဲ နှင့် သက်ရှင်ကျန်ရစ်သူ

- ဘာသာရေးအသိုင်းအဝန်းများမှလည်း ရှင်သန်ကျန်ရစ်သူများအားလက်ခံခြင်း နှင့် ၎င်းတို့ခံစားရသည့်အတွေ့အကြုံကိုအရေးတယူဆောင်ရွက်ပေးရန်လိုအပ်သည် – ဤအချက်သည် ယခု သုတေသန လေ့လာဆန်းစစ်ခြင်းတစ်လျောက်တွင် အဓိကကျပြီး အရေးပါသောအချက်ဖြစ်သည်။ ရှင်သန်ကျန်ရစ်သူများက သူတို့၏ အတွေ့အကြုံများကို ပြောပြရာတွင် ဘာသာရေးအသိုက်အဝန်းကငင်းတို့ကို ဖယ်ကျဉ်ခဲ့ကြ သည်၊ ဘာသာရေးခေါင်းဆောင်ထံမှာငင်းတို့၏အပြစ်အတွက်ဝန်ခံခြင်းပြုပြီး ခွင့်လွှတ်မှုကိုတောင်းခံရသည်။ သာသနာအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ကိုလည်း လျှောက်ထားရပြီး အသိုင်းအဝန်းသို့အသစ်တဖန်ပြန်လည် မိတ်ဆက်ရသည်။ ရှင်သန် ကျန်ရစ်သူအမျိုးသမီးများကို အပြစ်သားများအဖြစ် သတ်မှတ်ခံခဲ့ရပြီး အလွန်နာကျဉ်းဖွယ်ရာကောင်းသောစိတ်ဒဏ်ရာ ဒဏ်ချက်များကကုသရေးတွင်အဟန့်အတားဖြစ်စေကာငင်းအမျိုးသမီးများသည် ထိခိုက်လွယ်သူများ၊ နှိုက်ရာမဲ့သူများအဖြစ်သာ ရပ်တည်ရသည်။

"အကြမ်းဖက်ခံရသူအမျိုးသမီးကို အကာအကွယ်မပေးခြင်း၊ မစောင့်ရှောက်ခြင်းဆိုတာဟာ အချို့သောဘာသာရေးအသိုင်းအဝိုင်းမှာတော့ ဓလေ့ထုံးတမ်း အစဉ်အလာပဲဖြစ်တယ်။ ဒီဖြစ်ရပ်ဟာ ကျေးရွာအတွက် သိပ်ရှက်ဖို့ကောင်းတယ်။ ဒီလိုသက်ရှင်ကျန်ရစ်သူတွေကို ဘာသာရေး အသိုက်အဝန်းတင် မဟုတ်ဘူး ရပ်ရွာကပါ လက်မခံနိုင်ပါဘူး။ ဒီလို ပြဿနာရှိတဲ့သူကို မောင်းထုတ်လိုက်တာပဲ"

ရပ်ရွာအကြီးအကဲ

© TEARFUND 2016

"အသင်းတော်တစ်ပါးရဲ့ရည်ရွယ်ချက်ပန်းတိုင်ဆိုတာက ထိခိုက်နစ်နာလွယ်တဲ့သူတွေကို ကူညီဖို့ဖြစ်တယ်။ ဒီကံမကောင်းလှတဲ့ အမျိုးသမီးလေးကတော့ ပါတ်ဝန်းကျင်ရဲ့ ဖယ်ကျဉ်ခြင်းကို ခံခဲ့ရတယ်။ သူ့ကို လက်မခံနိုင်ကြဘူး။ အကြမ်းဖက်ခံရသူဟာ မြို့မှာကော တောမှာပါ နေစရာမရှိတော့ဘူး။ ဒါကြောင့် ငါတို့က ဒီလို ခွဲခြားဆက်ဆံခြင်းမျိုးကို ဆန့်ကျင်ရမယ်။ ဒီလို အဖြစ်အပျက်မျိုး ထပ်မဖြစ်သင့်တော့ဘူး"

ရပ်ရွာအကြီးအကဲ

- ဘာသာရေးအသိုင်းအဝန်း နှင့် ဘာသာရေးအဖွဲ့အစည်းများအနေဖြင့်ရှင်သန်ကျန်ရစ်သူများကို လုံခြုံစိတ်ချမှုမျိုး ဖန်တီးပေးသင့်သည် – ဘာသာရေးခေါင်းဆောင်များက ထိခိုက်ခံစားလွယ်သူများကို လက်ခံခြင်း နှင့် ၎င်းတို့ကို ကူညီစောင့်ရှောက်ရန်သည်သူတို့ အတွက်နိူးဆော်ခြင်းများပင်ဖြစ်၍အလွန်အရေးကြီးကြောင်း ဖော်ပြခဲ့ကြသည်။ ရှင်သန်ကျန်ရစ်သူ များကို ပြုစုစောင့်ရှောက် ခြင်း၊ ၎င်းတို့၏ဆိတ်ဆိတ်နေခြင်းကို ပယ်ဖျက်ရန် အစီအစဉ် ပြုလုပ်ခြင်းနှင့် လုံခြုံစိတ်ချသည့် ပတ်ဂန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် ရှင်သန်ကျန်ရစ်သူများသည် ရုပ်ပိုင်း လုံခြုံမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကိုပါ ရရှိကြမည်ဖြစ်သည်။ ဦးတည်အုပ်စုဖွဲ့ အမျိုးသမီးစကားဝိုင်းဆွေးနွေးခြင်း ၆ ခုမှ အမျိုးသမီးများတို့ကမူ၎င်းတို့ လူမှုအသိုက်အဝန်း အတွင်းတွင် ရှင်သန်ကျန်ရစ်သူအမျိုးသမီးများ အတွက် လုံခြုံစိတ်ချမှု မရှိကြောင်း ညွှန်းဆိုဖော်ပြခဲ့ ကြသည်။ ဤအချက်သည် ဘာသာရေးအသိုက်အဝန်းတွင် အစပျိုးလုပ်ဆောင်ရန်အတွက် ကောင်းမွန်သည့်လမ်းစပင်ဖြစ်ကာဘာသာရေး အသိုက်အဝန်းအတွင်းတွင် စတင်ဆွေးနွေးသင့် သည်မှာလိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်ခြင်းအကြောင်း နှင့် အမျိုးသမီးများ သည်အကြမ်းဖက်ခြင်းမှကင်းစင်ကာနေထိုင်ခွင့်ရှိကြောင်းတို့ဖြစ်သည်။

# ဆွေးနွေးချက်များ

လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုကိုကြိုတင်ကာကွယ်ရန်စိတ်ကူး မျှော်လင့်ထားသည့် အတိုင်း ဤသုတေသနလေ့လာဆန်းစစ်ချက်သည် အကြမ်းဖက်မှုကိုဖြစ်စေ သောအကြောင်းရင်းများနှင့်မတူ ညီသော ကဏ္ဍများ နှင့် အသိုင်းအဝန်းများက မည်သို့အတူတကွလုပ်ဆောင်နိုင်မည်ကို ကောင်းစွာနားလည်နိုင် ရန်ပင်ဖြစ်သည်။ ဤသုတေသနအားအခြေခံကာကြိုတင် ကာကွယ်မှု လုပ်ငန်းအစီအစဉ်များရေးဆွဲသည့် အခါ ရှင်သန်ကျန်ရစ်သူများ၏ဘဝများကိုအသွင် ပြောင်းရန်အတွက်သာမက အသိုင်းအဝန်းတစ်ခုလုံးအတွက်လည်း ပါဝင်သည့်အပြောင်းအလဲ သဘောတရားဖြစ်ရန်လိုပါသည်။ ဤအချင်းအရာကိုရပ်ရွာအသိုင်းအဝန်းများရှိအမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်အားပေးခြင်း၊ လူမှုရေးအပြောင်းအလဲအတွက်လူမှုအသိုင်းအဝန်းများအား လမ်းပြဆွဲခေါ်ခြင်း၊ ဒေသခံ လူမှုအဖွဲ့အစည်းများနှင့် အကျိုးအမြတ်မရှာသည့်အဖွဲ့များ၊ အစိုးရဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နှင့်လက်တွဲဆောင်ရွက်ခြင်း၊ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင်သွားလာ ပါဝင်ဆောင်ရွက်နိုင်ရန် အတွက်လုံခြုံစိတ်ချရသော နေရာများ ဖန်တီးပေး ခြင်းစသည်တို့ဖြင့်လုပ်ဆောင်ရန်ဖြစ်ပါသည်။ နေရာအဆင့်အသီးသီးတွင်ကြိုတင်ကာကွယ်မှုကို ပြုလုပ်နိုင်ပြီးအဆင့်တိုင်းတွင်လိင်ပိုင်း ဆိုင်ရာနှင့်ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုအားလုံးကို ခြုံငုံကာပြည့်ဝသော တုံ့ပြန်မှု ကို ထောက်ပံ့ပေးနိုင်ရန်အတွက်အခြားတစ်ဆင့်ကိုအားဖြည့်ပေးနိုင်ရန်လိုအပ်သည်။

အဓိကကြိုတင်ကာကွယ်မှုဆိုသည်မှာ

လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်း ဖက်မှု၏အကြောင်းရင်းဇစ်မြစ်များကိုကိုင်တွယ်ဖြေရှင်းခြင်းဖြစ်ကာ လူမှုရေးစံသတ်မှတ်ချက်များ၊ ကျားမရေးရာတန်းတူမညီမျှမှု၊ နှင့် အရက် နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုစသောအန္တရာယ်ရှိ အပြုအမူများ တို့ပါဝင်သည်။ ဒုတိယအဆင့်ကြိုတင်ကာကွယ်မှုတွင်လတ်တလောတုန့်ပြန်ဆောင်ရွက်မှု များကို အလေးထားကာ ရှင်သန်ကျန်ရစ်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုအားဖြည့်ပေးခြင်း၊ လုံခြုံစိတ်ချရသောနေရာနှင့် နှစ်သိမ့်ဆွေးနွေးခြင်းစသောဝန်ဆောင်မှုများပေးခြင်း၊ ရှင်သန် ကျန်ရစ်သူအားဥပဒေပိုင်းဆိုင်ရာ သတင်းအချက်အလက်များဖြင့် ကူညီပေးခြင်းတို့ဖြစ်ကြသည်။ တတိယအဆင့်အနေဖြင့် ကြိုတင်ကာကွယ်မှုတွင်လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအခြေပြုအကြမ်းဖက်မှုအတွက်ရေရှည်တွင် တုံ့ပြန်ဆောင်ရွက်မှု ပိုင်းကိုမျှော်ကြည့်ခြင်းဖြစ်ကာ ဖြစ်ပွားပြီးသောအန္တရာယ်ကို လျော့ချရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်။

ဤအဆင့်တွင်ကျူးလွန်သူအားပြန်လည်ထူ ထောင်ပြုစုပေးခြင်း၊ ရှင်သန်ကျန်ရစ်သူများအတွက်စီးပွားရေးတွင်အားဖြည့်ပေးခြင်း နှင့် အမျိုးသား အဆင့်ပံ့ပိုးကူညီမှုကွန်ယက်များထူထောင်ပေးခြင်းတို့ဖြစ်ကြသည်။

ဘာသာရေးသသည်လူ့ အခွင့်အရေးများအားပံ့ဖော်ရာတွင်အစွမ်းထက်ပေသည်။ သုတေသနမှဖော်ပြသကဲ့သို့ပင် ဘာသာရေးအသိုင်းအဝန်းများနှင့် လက်တွဲလုပ်ဆောင်ခြင်းသည် ကြိုတင်ကာကွယ်မှုကို မြှင့်မိစေသကဲ့သို့ ရှင်သန်ကျန်ရစ်သူများအား ပံ့ပိုးကူညီရာတွင်အဓိကကျပြီး တစ်ခါတစ်ရံတွင် အသက်ကယ်နည်းလမ်းများပင်ဖြစ်လေသည်။ ဘာသာရေးအသိုက်အဝန်းများ နှင့် ဘာသာရေးခေါင်းဆောင်များ လက်ဝယ်ရှိသော အလားအလာများမှာ အန္တရာယ်ရှိအပြုအမူများနှင့် စံသတ်မှတ်ချက်များ အားအသွင်ပြောင်းခြင်း၊ မညီမျှမှုများအား ကိုင်တွယ်ဖြေရှင်းခြင်း၊ နားခိုရာနှင့် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုပေးနိုင်ခြင်း၊ တရားဥပဒေကြောင်းအရရင်ဆိုင်လိုသော ရှင်သန်ကျန်ရစ်သူများ အားပံ့ပိုးကူညီနိုင်ခြင်း၊ ရှင်သန်ကျန်ရစ်သူများအား ငွေကြေးအရပံ့ပိုးမှုပေးနိုင်မည့် အစီအစဉ်များအတွက်အကြံပြုကူညီနိုင်ခြင်း နှင့် ပံ့ပိုးကူညီမှုဆိုင်ရာကွန်ယက်တည်ထောင်နိုင်ရန်အတွက် ကူညီပေးနိုင်မှုများဖြစ်လေသည်။ ဘာသာရေးခေါင်းဆောင်များ နှင့် လူမှုအသိုင်းအဝန်းများအတွက် အသုံးဝင်မည့် ရပ်ရွာလူမှုအခြေပြုသော ဂရုတစိုက်ပြုခြင်း နမူနာပုံစံကိုပုံ ၂ တွင်တွေ့မြင်နိုင်ပါသည်။

## ပုံ ၂။ လူမှုအသိုင်းအဝန်းများ၏ဂရုစိုက်မှု – လူမှုဘဝများအသွင်ပြောင်းခြင်း နှင့် အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးအစီအစဉ် (ယူနီဆက် ၂၀၁၅)




ထိုမျှသာမကဤသုတေသနမှတွေ့ရှိချက်များသည် ကျားမရေးရာတန်းတူညီမျှရေး ကွန်ယက် မှ ၂၀၁၄ တွင် ဖော်ပြခဲ့သည့် အမျိုးသမီးများ၏ မိမိတို့ခန္ဓာ နှင့် လိင်ပိုင်းဆိုင်ရာများအား အုပ်ထိန်းခွင့်အပေါ် တွင် ဩဇာသက်ရောက်ကာအကျိုးသက်ရောက်မှုရှိစေသည့် လူမှုရေးရာစံသတ်မှတ်ချက် များဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အားပေးထောက်ခံလျှက်ရှိပါသည်။ အထူးသဖြင့်အရေးကြီးသည့်အချက်မှာအကြမ်းဖက်မှုသည်ဘဝတွင်လက်ခံနိုင်သည့်အရာတစ်ခုဖြစ်သည်ဟူ သောအပြောင်းအလဲဖြစ်ပေါ် သည့်အဆင့်တွင်ဖြစ်လေသည်။ ဤသုတေသနသည်ဘာသာရေး အသိုင်းအဝန်းများအားလုံးအား အန္တရာယ်ရှိသည့် လူမှုရေးစံသတ်မှတ်ချက်များအားကိုင်တွယ်ဖြေရှင်း ရန်၊ရှင်သန်ကျန်ရစ်သူများ၏ အသက်တာများအားပြန်လည်တည်ဆောက်ရေးကိုစတင်ရန် နှင့် အသိုင်းအဝန်းတစ်ခုလုံး၏ နာကျင်ဖွယ် အမှတ်သညာများအား ကုစားပေးရန်အတွက် အလားအလာကောင်းသောအုတ်မြစ်များကိုပံ့ပိုးပေးပါသည်။

ရှင်သန်ကျန်ရစ်သူများကဘာသာရေးဆိုင်ရာများ၏ ပါဝင်ပါတ်သက်မှုကို အပြုသဘောမြင်ကြသော်လည်း တစ်ဦးကမှ ဘာသာရေးခေါင်းဆောင်များထံမှ မည်သို့သော အားပေးကူညီမှုကိုမဆို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။ အကြောင်းရင်းမှာသူမ၏ ဘာသာရေးခေါင်းဆောင်များ နှင့်အသိုင်းအဝန်းတို့မှသူမအားနှင်ထုတ်ကာ အဆက်အဆံမပြုကြရန် လုပ်ဆောင်ခဲ့၍ဖြစ်လေသည်။ ယေဘူယျအားဖြင့် ရှင်သန်ကျန်ရစ်သူများသည်ဘာသာရေးခေါင်းဆောင်များနှင့် လူမှုအသိုင်းအဝန်းများတို့မှ အစတည်သော ပံ့ပိုးကူညီမှုကွန်ယက်တွင် ပါဝင်ရန်အပြုသဘောဖြင့်လက်ခံကြကာအခြားသောအလားတူအဖြစ်မျိုး တွေ့ကြုံရ

သူများအတွက်အကျိုးဖြစ်စေမည်ဟုယုံကြည်ကြသည်။ အတူ တကွလက်တွဲလျှက်ပြန်လည်ထူမတ်ခြင်း သဘောကိုလူတွေ့မေးမြန်းမှုများတွင်တွေ့သိရသည်။ သို့သော်လည်း အကြမ်းဖက်ခံခဲ့ရသူ (ရှင်သန်ကျန်ရစ်သူများ) ၅ ဦးကမူရင်းကွန်ယက်တွင်ပါဝင်ရန်အတွက်ရှက်ရွံ့အားငယ်လျက်ရှိသည်။ လူတွေ့မေးမြန်းမှုများတွင်ပျောက်ဆုံးနေသောအရေးကြီးသည့် အချက်တစ်ခုအဖြစ်မှတ်သားရသည်မှာ အမျိုးသမီးများအားအကြမ်းဖက်မှုကြိုတင်ကာကွယ်ခြင်း နှင့် တာဝန်ခံနိုင်မှုအတွက်ပါဝင်ရန်လိုသည့် အမျိုးသားကြီးများ နှင့် လုလင်ပျိုများ၏အခန်းကဏ္ဍပင်ဖြစ်ပေသည်။ တာဝန်ယူမှုတည်းဟူသောဝန်ထုပ်ဝန်ပိုးမှာရှင်သန်ကျန်ရစ်သူများအပေါ်တွင်ကြီးမားစွာရှိနေဆဲဖြစ်သည်။ Tearfund ၏ အကြိုတုန့်ပြန်ဆွေးနွေးမှု အလုပ်ရုံဆွေးနွေးပွဲတွင်ဘာသာ ရေးခေါင်းဆောင်များနှင့် ရပ်ရွာအကြီးအကဲများဖော်ပြသည့် အဓိကရလဒ်တစ်ခုဖြစ်သည့် မဟာဗိုဝါဒများအား အသွင်ပြောင်း ခြင်းဆိုသည်မှာ သုတေသန၏အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များတွင်ထွက်ပေါ်လာ ခြင်းမရှိပေ။ ဘာသာရေးခေါင်းဆောင်များနှင့် အတူလုပ်ဆောင်သည့်အခါ လိင်ပိုင်းဆိုင်ရာနှင့် ကျား မရေးရာအခြေပြုအကြမ်းဖက်မှု အားကြိုတင်ကာကွယ်ရန် နှင့် တုန့်ပြန်ဆောင်ရွက်ရန် ကိစ္စများတွင်အပြုသဘောဆောင်သည့် မဟာဗိုဝါဒများအားကိုင်တွယ်ဖြေရှင်းရန်နှင့် ကွယ်ကာရန်မှာ အလွန်ပင် အရေးကြီးလှပေသည်။

# RECOMMENDATIONS

## အကြမ်းဖက်ခံရသူများဖော်ပြသည့်ထောက်ပံ့ကူညီရေးဆိုင်ရာအကြံပြုချက်

၁။ ဘာသာရေးခေါင်းဆောင်များသည်ရှင်သန်ကျန်ရစ်သူများ၏လိုအပ်ချက်များဖြစ်သော စိတ်ကျန်းမာရေးဆိုင်ရာများ နှစ်သိမ့်ဆွေးနွေးခြင်းတို့ကို လုပ်ဆောင်သင့်သည်။

၂။ ဘာသာရေးခေါင်းဆောင်များသည် ရှုထောင့်စုံသော ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းပြုလုပ်သင့်သည်။

၃။ ဘာသာရေးခေါင်းဆောင်များနှင့်ရပ်ရွာအသိုင်းအဝန်းများသည်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့်ဆိုင်သည့်ဗဟုသုတများကို တိုးတက်စေရန် ပြုလုပ်သင့်သကဲ့သို့ ဂုဏ်သိက္ခာ နှင့် ရှက်ကြောက်ခြင်းဆိုင်ရာများကိုနားလည်ဖြေရှင်းရာတွင်လည်း အမြင်ကျယ်သင့်သည်။

၄။ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလူထုများနှင့် ရှင်သန်ကျန်ရစ်သူများသည် ကျူးလွန်သူကို အပြစ်ပေးရန်အတွက်ဥပဒေဆိုင်ရာ ဗဟုသုတများ ရှိသင့်သည်။

၅။ ဘာသာရေးခေါင်းဆောင်များသည်ရှင်သန်ကျန်ရစ်သူများအားအပြန်အလှန်ဖွင့်ဟပြောဆို နိုင်ရန်အတွက်ကူညီခြင်းလုံခြုံစိတ်ချရသည့် နေရာတစ်ခုပံ့ပိုးခြင်းများပြုလုပ်သင့်သည်။

၆။ ရှင်သန်ကျန်ရစ်သူများအား အတတ်ပညာကျွမ်းကျင်မှုနှင့် ငွေကြေးကူညီပံ့ပိုးမှုကို ဘာသာရေးအသိုင်းအဝန်းများမှအားဖြည့်ကူညီသင့်သည်။

## ဘာသာရေးအသိုက်အဝန်းများ မှ ဆောင်ရွက်ရန်အတွက်အကြံပြုချက်များ

၁။ ကျားမရေးရာတန်းတူမညီမျှမှု နှင့် အန္တရာယ်ရှိသည့် မဟာဗိုဝါဒကို ထိန်းသိမ်းနေသည့် လူမှုစံနှုန်းများကိုပယ်ဖျက်ရန်။

၂။ ရပ်ရွာများအတွင်းမှဒိမ်းမှုနှင့်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုများ အားပွင့်လင်းရိုးဖြောင့်စွာဖြင့် ဆွေးနွေးမှုများပြုလုပ်ရန်။

၃။ အကြမ်းဖက်ခံရမှုအတွက် ရှင်သန်ကျန်ရစ်သူအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း။

၄။ ရှင်သန်ကျန်ရစ်သူများထံသို့ သွားရောက်ခြင်း၊ ဆုတောင်းခြင်းနှင့် အားပေးစကား ပြောကြားခြင်း။

၅။ ရှင်သန်ကျန်ရစ်သူအားကုစားပေးရာတစ်လျှောက်တွင်လွှမ်းမိုးသြဇာရှိသည့်အသွင်သဏ္ဍာန်ဖြင့်ဖော်ပြရန်။

၆။ ရှင်သန်ကျန်ရစ်သူ၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းကို ကာကွယ်ရန်အတွက် လုံခြုံစိတ်ချသောနေရာ ဖန်တီးပေးခြင်း။

၇။ ရှင်သန်ကျန်ရစ်သူကို ပွင့်လင်းစွာပြောဆိုစေရန်နှင့် အကြမ်းဖက်မှု၏ နောက်ဆက်တွဲ ကိစ္စရပ်များကို ကြောက်ရွံ့ခြင်းမရှိစေရန်အတွက် ပြုလုပ်ပေးရန်။

၈။ အပြုသဘောဆောင်သော မိဖအုပ်ထိန်းမှုပုံစံကိုရပ်ရွာများတွင် မြှင့်တင်ဆောင်ရွက်ရန်။

၉။ ရှင်သန်ကျန်ရစ်သူများအနေဖြင့် လုံလောက်သော နှစ်သိမ့်ဆွေးနွေးမှုများ ရရှိရန်အတွက် အသင်းအုပ်ဆရာ၏ဝတ်အဖြစ်ဆောင်ရွက်ရန်။

၁၀။ ရှင်သန်ကျန်ရစ်သူအတွက် ဝန်ဆောင်မှုအစီအစဉ်များကို ဖော်ထုတ် သတ်မှတ်ရန် (အဓမ္မ ကျင့်ခြင်းကြောင့် ကိုယ်ဝန်ရခြင်း၊ ကူးစက်ရောဂါ ဥပမာ ကာလသားနှင့် HIV တို့ကိုကာကွယ်ရန်)

၁၁။ တရားမျှတမှုရရှိရန်အတွက် လုပ်ဆောင်ရာတွင် ထပ်ဆင့်အကြမ်းဖက်မှုမျိုးကို ရှောင်ရှားသည့်နည်းလမ်းအား ရှာဖွေဖော်ထုတ်ရန် ( ဥပဒေရှေ့မှောက်တွင် တရားရင်ဆိုင်သော ရှင်သန်ကျန်ရစ်သူအားလက်ရှိ အနေအထား ပိုမိုကောင်းမွန်သည့်အရာစသည်ဖြင့် လုံလောက် သောဗဟုသုတများ ပံ့ပိုးပေးခြင်း)။

၁၂။ ဘာသာရေးအသိုက်အဝန်းကြားတွင် စွမ်းရည်မြှင့်တင်ခြင်းနှင့် ကွန်ရက်ချိတ်ဆက်ခြင်းများ၊ ထိရောက်စွာ တုန့်ပြန်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန်။

၁၃။ အကြမ်းဖက်ခံရသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းရည်များကို ဖန်တီးတည်ဆောက်ပေးရန်။

၁၄။ အကြမ်းဖက်ကျူးလွန်သူများအား ထပ်မံအကြမ်းဖက်ခြင်းမျိုး မပြုလုပ်ရန်အတွက် ပြန်လည်ထူထောင်ခြင်း နှင့် ရေရှည်ကြိုတင်ကာကွယ်မှုလုပ်ငန်းများကိုဆောင်ရွက်ရန်။

# နိဂုံး

ရှင်သန်ကျန်ရစ်သူများကို ထောက်ပံ့ကူညီရေးအတွက် ဘာသာရေးအသိုက်အဝန်းနှင့်အတူဆောင် ရွက်ရန်မှာ ရေရှည်လုပ်ငန်းစဉ် ဖြစ်သည်။ ရှင်သန်ကျန်ရစ်သူများ၏ဘဝကို သနားကြင်နာခြင်း၊ ၎င်းတို့၏ ဘဝကို စိတ်ဝင်စားခြင်း ရှိသော်လည်းနက်ရှိုင်းစွာရှိနေသည့် ရှေးရိုးစွဲအယူအဆများနှင့် စိတ်နေသဘောများ၊ တရားသေယုံကြည်မှုများကို ဖြေလျှော့ပြီး ပြည့်ဝလုံလောက်စွာ ကူညီသင့် သည်။ အနှစ်ချုပ်အားဖြင့် လူမှုအသိုက်အဝန်းအတွင်း အပြုသဘောဆောင်သော လူမှုစံနှုန်းများ ပြောင်းလဲဖြစ်ပေါ်ရန်အတွက်ယဉ်ကျေးမှုအပြောင်းအလဲဖြစ်ပေါ်ရန်မှာလိုအပ်ကာ ဤသို့ဖြစ်ပေါ်ရန်မှာပြောင်းလဲလို စိတ်ကိုပုံစံနမူနာပြုလုပ်ဆောင်ရမည် ဖြစ်ပေသည်။ ဘာသာရေးအသိုက်အဝန်းများသည် အကြမ်းဖက်ခံရသူများအား သက်သာင့်သက်သာရှိစေပြီး ပွင့်လင်းစွာပြောဆိုနိုင်သည့် လုံခြုံစိတ်ချရသောဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်ပေးရန် လိုအပ်ပေမည်။

# နောက်ဆက်တွဲ ၁ ။
# မေးခွန်းလမ်းညွှန်

## မေးခွန်းလမ်းညွှန် - ရပ်ရွာလူထုခေါင်းဆောင်

### မေးခွန်း(၁)

--- အနေနဲ့ အမျိုးသမီးများကိုအကြမ်းဖက်ခြင်းကို ဘယ်လိုနားလည်ပါသလဲ။ ကြားဖူးသော သိသောဥပမာများ ပြောပြပေးပါလား။

အကြောင်းအရာ
အမျိုးသမီးများကိုအကြမ်းဖက်ခြင်းကို တဦးတယောက်အနေနှင့်ဘယ်လိုအနက်နှင့် အဓိပ္ပါယ်ဖွင့်လဲဆိုတာ သိလိုခြင်း ဖြစ်သည်။ မေးသည့်ဥပမာတွင် SV ဥပမာများပါ ပါသလား။ မပါပါက SV (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) ကို ဘယ်လိုနားလည်လဲမေးပါ။

### မေးခွန်း (၂)

ဘာသာရေးခေါင်းဆောင်များသည် SV ကို ပြဿနာတခုအနေဖြင့် သိရှိတယ်လို့ ထင်ပါသလား။ SV မှရှင်သန်ကျန်ရစ်သူများကို ဝိုင်းဝန်းကူညီမှုနှင့် ပြုစုစောင့်ရှောက်မှုများပေးရန် စိတ်ဝင်စားမှုရှိပါသလား။

အကြောင်းအရာ
၎င်းအကြောင်းအရာအပေါ် ဘာသာရေးခေါင်းဆောင်များပွင့်လင်းမှုရှိ/မရှိ ဘယ်လိုထင်သလဲဆိုတာ မေးခြင်းဖြစ်သည်။ အသိပညာပေးခြင်းဆိုင်ရာတခုခုများ လုပ်ဆောင်ပါသလား။ ပြောပြပေးနိုင်မလား။

### မေးခွန်း (၃)

ပတ်ဝန်းကျင်တွင် ဘာသာရေးခေါင်းဆောင်များ/ ဘာသာရေးအသိုင်းအဝိုင်းက နည်းလမ်းတခုခုအားဖြင့် ဂရုပြုပံ့ပိုးမှုလုပ်ဆောင်မှုများကို သိပါသလား။

အကြောင်းအရာ
ဝန်းကျင်တွင် ဘာတွေဖြစ်နေလဲ သိ/မသိနှင့် ဘာသောရေးခေါင်းဆောင်များသည် ရှင်သန်ကျန်ရစ်နေသူများအတွက် အထောက်အပံ့ဖြစ်မဖြစ်သိလိုခြင်းဖြစ်သည်။

### မေးခွန်း (၄)

ဒီလိုနည်းလမ်းတွေနဲ့ ဘာကြောင့် ဂရုပြုပံ့ပိုးတယ်လို့ ထင်ပါသလဲ။

အကြောင်းအရာ
ယုံကြည်မှုနှင့် ကျင့်သုံးမှုဆိုင်ရာအကြောင်း မေးမြန်းခြင်းဖြစ်သည်။ ပံ့ပိုးမှု/ မပံ့ပိုးမှုအတိုင်းအတာတွင် သူတို့အနေဖြင့် မည်သည့်အချို့သော ယုံကြည်မှုနှင့် ကျင့်သုံးမှုများဖြင့် ပါဝင်ပါသလဲ။

### မေးခွန်း (၅)

SV ရှင်သန်ကျန်ရစ်သူများကို ပံ့ပိုးမှုနှင့် ပံ့ပိုးမှုမရှိခြင်းတွင် ဘယ်လိုမြင်ပါသလဲ။

အကြောင်းအရာ
ဘာသာရေးခေါင်းဆောင်များအနေဖြင့် တိတ်ဆိတ်ရခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်းအကြောင်းအရင်းများက ဘာတွေ လဲဆိုတာ ဥပမာမေးနိုင်ပါသည်။

## မေးခွန်း(၆)

SV မှရှင်သန်ကျန်ရစ်သူများကို ဘာသာရေးခေါင်းဆောင်များနှင့် အခြားဂန်းကျင်မှလူများက စိတ်ဂင်စားစွာ နှင့်ထိရောက်စွာ ဂရုပြုပံ့ပိုးကူညီနိုင်ရန် မည်သည့်ပံ့ပိုးမှုများလုပ်ဆောင်နိုင်တယ်လို့ ထင်ပါသလဲ။

အကြောင်းအရာ
ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသိုင်းအဝိုင်းမှ သူမ(အမျိုးသမီးများ)တို့၏ မည်သည့်လိုအပ်ချက်ကို မည်သည့်အကူအညီပေးနိုင်တယ်ဆိုတာ သိလိုခြင်းဖြစ်သည်။ ရှင်သန်ကျန်ရစ်သူများထံ မည်သို့ရောက်ရှိနိုင်သလဲ။

## မေးခွန်း (၇)

ရပ်ရွာဂန်းကျင်တွင် ရှင်သန်ကျန်ရစ်သူများကို address လုပ်ရန် ဘာသာရေးခေါင်းဆောင်များက ဘာတွေလုပ်ဆောင်နေတယ်ဆိုတာ သိပါသလား။

အကြောင်းအရာ
အကယ်၍သိပါက ဘာတွေကအောင်မြင်ပြီး ဘာသင်ခန်းစာရပါသလဲ။

## မေးခွန်း (၈)

ဘာသာရေးအသိုင်းအဝိုင်းတွင် SV မှ ရှင်သန်ကျန်ရစ်သူများကို ဂရုပြုပံ့ပိုးရန် စိတ်အားထက်သန်သူ (တက်ကြွလှုပ်ရှားသူ) တဦးဦးများရှိပါသလား။

အကြောင်းအရာ
ထိုသူများသည် သာသနာ့အသိုင်းအဝိုင်းမှ သင်းအုပ်၊ ဘုန်းကြီး၊ ဘုန်းတော်ကြီးများလား။ ရှင်သန်ကျန်ရစ်သူကို ပံ့ပိုးရန် ဘာတွေလုပ်နေသလဲ။

## မေးခွန်း (၉)

SV မှ ရှင်သန်ကျန်ရစ်သူများကို ကာကွယ်ကူညီရန်နှင့် ပံ့ပိုးရန် ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေး အသိုင်းအဝိုင်းများက အရေးကြီးအဓိကကျတယ်လို့ထင်နေပါသလား။

အကြောင်းအရာ
အဘယ်ကြောင့် အရေးကြီး/ အရေးမကြီးတယ်လို့ ထင်ပါသလား။

## မေးခွန်း (၁၀)

SV မှ ရှင်သန်ကျန်ရစ်သူများကို ပံ့ပိုးရန် ဘာသာရေးခေါင်းဆောင်များနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို သိပါသလား။

အကြောင်းအရာ
ဘယ်အရာတွေကအလုပ်ဖြစ်ပြီး ဘာကြောင့်ဖြစ်လဲဆိုတာမေးပါ။ အကယ်၍အလုပ်မဖြစ်ပါက ဘာ့ကြောင့်မဖြစ်လဲ။ တိုးတက်ဖို့အတွက် ဘယ်အပိုင်းတွေလဲ။

## မေးခွန်း (၁၁)

ဘာသာရေးခေါင်းဆောင်များနှင့် အခြားအဖွဲ့အစည်းများအကြား ပူးပေါင်းလုပ်ဆောင်မှုကို ဘယ်လိုတိုးမြှင့် နိုင်မလဲ။

အကြောင်းအရာ
ဘာတွေလိုလဲ။ ပြီးတော့ ဖြစ်နိုင်အောင် ဘယ်လိုလုပ်မလဲ ဆိုတာမေးပါ။

တွေ့ဆုံမေးမြန်းမှုအတွက် ကျေးဇူးတင်ကြောင်းပြောပြီး သိချင်တာ/မေးချင်တာတခုခုများရှိပါကလည်း မေးနိုင်ပါတယ်လို့ပြောပါ။

© TEARFUND 2016

# မေးခွန်းလမ်းညွှန် - ဘာသာရေးခေါင်းဆောင်

## မေးခွန်း(၁)

--- အနေနဲ့ အမျိုးသမီးများကိုအကြမ်းဖက်ခြင်းကို ဘယ်လိုနားလည်ပါသလဲ။ ကြားဖူးသော သိသောဥပမာများ ပြောပြပေးပါလား။

အကြောင်းအရာ
အမျိုးသမီးများကိုအကြမ်းဖက်ခြင်းကို တဦးတယောက်အနေနှင့်ဘယ်လိုအနက်နှင့် အဓိပ္ပါယ်ဖွင့်လဲဆိုတာ သိလိုခြင်း ဖြစ်သည်။ မေးသည့်ဥပမာတွင် SV ဥပမာများပါ ပါသလား။ မပါပါက SV (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) ကို ဘယ်လိုနားလည်လဲမေးပါ။

## မေးခွန်း (၂)

ဘာသာသာရေးခေါင်းဆောင်အနေဖြင့် SVကို ပြဿနာတခုအနေဖြင့် သိရှိတယ်လို့ ထင်ပါသလား။ SV မှရှင်သန်ကျန်ရစ်သူများကို ပိုင်းဝန်းကူညီမှုနှင့် ပြုစုစောင့်ရှောက်မှုများပေးရန် စိတ်ဝင်စားမှုရှိပါသလား။

အကြောင်းအရာ
ဤအကြောင်းအရာအပေါ် ဘာသာရေးခေါင်းဆောင်များပွင့်လင်းမှုရှိ/မရှိ ဘယ်လိုထင်သလဲဆိုတာ မေးခြင်းဖြစ်သည်။ အသိပညာပေးခြင်းဆိုင်ရာတခုခုများ လုပ်ဆောင်ပါသလား။ ပြောပြပေးနိုင်မလား။

## မေးခွန်း (၃)

ပတ်ဝန်းကျင်ရှိ SVမှ ရှင်သန်ကျန်ရစ်သူများကို ဆရာနှင့် အသင်းတော်အသိုင်းအဝိုင်းက နည်းလမ်းတခုခုအားဖြင့် ဂရုပြု ပံ့ပိုးမှုလုပ်ဆောင်မှုများကို လုပ်ပါသလား။ ဘာတွေကအောင်မြင်ပါသလဲ။

အကြောင်းအရာ
ဝန်းကျင်တွင် SV ဖြစ်နေမှုအကြောင်းအရာများကို သိ/မသိနှင့် ရှင်သန်ကျန်ရစ်နေသူများအတွက် အထောက်အပံ့ ဖြစ်မဖြစ်၊ ဒီပြဿနာဖြစ်မဖြစ် ကိုသိလိုခြင်းဖြစ်သည်။

## မေးခွန်း (၄)

ရှင်သန်ကျန်ရစ်သူများကို ဘာကြောင့် ဒီလို နည်းလမ်းတွေနဲ့ ပံ့ပိုးခဲ့လဲဆိုတာ ပြောပြပေးလို့ရမလား။

အကြောင်းအရာ
ယုံကြည်မှုနှင့် ကျင့်သုံးမှုဆိုင်ရာအကြောင်း မေးမြန်းခြင်းဖြစ်သည်။ ပံ့ပိုးမှုအဝိုင်းအတာတွင် သူတို့အနေဖြင့် မည်သည့် အချို့သော ယုံကြည်မှုနှင့် ကျင့်သုံးမှုများဖြင့် ပါဝင်ပါသလဲ။

မဟုတ်ပါက ရှင်သန်ကျန်ရစ်သူများကို ပံ့ပိုးရန်အတွက် စိန်ခေါ်မှုတွေက ဘာတွေလဲဆိုတာမေးပါ။

## မေးခွန်း (၅)

ရှင်သန်ကျန်ရစ်သူများအတွက် စိတ်ပါဝင်စားစွာနှင့် ထိရောက်စွာ ဂရုပြုပံ့ပိုးနိုင်ရန် မည်သည့်ပံ့ပိုးမှုလိုအပ်သနည်း။

အကြောင်းအရာ
သူ/သူမနှင့် ဘာသာရေးအသိုင်းအဝိုင်းမှ မည်သည့်အကူအညီပေးနိုင်ရန် မည်သည့်လိုအပ်ချက်ရှိသလဲဆိုတာ သိလို ခြင်းဖြစ်သည်။ ရှင်သန်ကျန်ရစ်သူများထံ မည်သို့ရောက်ရှိနိုင်သလဲ။

## မေးခွန်း(၆)

ဘာသာရေးအသိုင်းအဝိုင်းတွင် SV မှ ရှင်သန်ကျန်ရစ်သူများကို ဂရုပြုပံ့ပိုးရန် စိတ်အားထက်သန်သူ (တက်ကြွ လှုပ်ရှားသူ) တဦးဦးများရှိပါသလား။

အကြောင်းအရာ
ထိုသူများသည် သာသနာ့အသိုင်းအဝိုင်းမှ သင်းအုပ်၊ ဘုန်းကြီး၊ ဘုန်းတော်ကြီးများလား။ ရှင်သန်ကျန်ရစ်သူကို ပံ့ပိုးရန် ဘာတွေလုပ်နေသလဲ။

## မေးခွန်း (၇)

SV မှ ရှင်သန်ကျန်ရစ်သူများကို ကာကွယ်ကူညီရန်နှင့် ပံ့ပိုးရန် ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေး အသိုင်းအဝိုင်းများက အရေးကြီးအဓိကကျတယ်လို့ထင်နေပါသလား။

အကြောင်းအရာ
အဘယ်ကြောင့် အရေးကြီး/ အရေးမကြီးတယ်လို့ ထင်ပါသလား။

## မေးခွန်း (၈)

SV မှ ရှင်သန်ကျန်ရစ်သူများကို ပံ့ပိုးရန် ဆရာ/ဆရာမ အနေဖြင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပါသလား။

အကြောင်းအရာ
ဘယ်အရာတွေကအလုပ်ဖြစ်ပြီး ဘာကြောင့်ဖြစ်လဲဆိုတာမေးပါ။ အကယ်၍အလုပ်မဖြစ်ပါက ဘာ့ကြောင့်မဖြစ်လဲ။ တိုးတက်ဖို့အတွက် ဘယ်အပိုင်းတွေလဲ။

## မေးခွန်း (၉)

ဘာသာရေးခေါင်းဆောင်များနှင့် အခြားအဖွဲ့အစည်းများအကြား ပူးပေါင်းလုပ်ဆောင်မှုကို ဘယ်လိုတိုးမြှင့် နိုင်မလဲ။

အကြောင်းအရာ
ဘာတွေလိုလဲ။ ပြီးတော့ ဖြစ်နိုင်အောင် ဘယ်လိုလုပ်မလဲ ဆိုတာမေးပါ။ေ

တွေ့ဆုံမေးမြန်းမှုအတွက် ကျေးဇူးတင်ကြောင်းပြောပြီး သိချင်တာ/မေးချင်တာတစုံတခုများရှိပါကလည်း မေးနိုင်ပါတယ်လို့ပြောပါ။

© TEARFUND 2016

# မေးခွန်းလမ်းညွှန် - ရှင်သန်ကျန်ရစ်သူများ

## မေးခွန်း (၁)

ရပ်ရွာဂန်းကျင်မှာဘာလုပ်ငန်းအစီအစဉ်တွေလုပ်ဆောင်နေလဲ။ အဲဒီလုပ်ငန်းစဉ်တွေမှာ အမ/ညီမက ဘယ်လိုပါဝင်နေသလဲ။

အကြောင်းအရာ
သူမကို သက်သောင့်သက်သာရှိစေရန် နှင့် ရပ်ရွာဂန်းကျင်ရှိ အပြုသဘောဆောင်သော အကြောင်းအရာများကို

ပြောစေခြင်းဖြစ်သည်။ ဂန်းကျင် နှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများကို မေးခွန်းမေးခြင်းဖြင့် သတိရအောင်ကူညီနိုင်သည်။

## မေးခွန်း(၂)

အမ/ညီမနေထိုင်တဲ့ဒီနေရာ ဒီအရပ်မှာ ဘာတွေကိုကြိုက်နှစ်သက်လဲ ပြောပြပေးနိုင်မလား။

အကြောင်းအရာ
အရင်မေးခွန်းတခုကိုဆက်စပ်မေးခြင်းဖြစ်ပြီး ယုံကြည်ခြင်းဆိုင်ရာမေးခွန်း ဆက်မေးမြန်းနိုင်ဖို့ ကြားခံဖြစ်သည်။

## မေးခွန်း(၃)

ဘုရားကျောင်းကန်တက်ရောက်ဖို့နှစ်သက်ပါသလား။ ထိုသို့သွားရောက်ရန် သူငယ်ချင်းများရှိပါသလား။

အကြောင်းအရာ
ဤနေရာတွင် ဘာသာရေးဆိုင်ရာတွင် အမျိုးသမီးများပါဝင်မှုနှင့် သူတို့၏ထောက်ပံ့မှုကွန်ယက်အကြောင်း ခံစားချက်ကိုသိလိုခြင်း ဖြစ်သည်။ ဝတ်ပြုဖို့ ဘယ်လောက်လောက် (how much often) သွားသလဲ။ အတူတကွသွားပါသလား။ တယောက်ထဲသွားသလား။

## မေးခွန်း(၄)

ဘုရားကျောင်းကန်တွေမှာ ဒီလိုမျိုးသူငယ်ချင်းအဖွဲ့ရှိရင် သူတို့နဲ့အတူ ဘဝအကြောင်း ပျော်ရွှင်မှု ဝမ်းနည်းမှုတွေကို အဲဒီမှာ တိုင်ပင်ကြလား။

အကြောင်းအရာ
ထောက်ပံ့မှုအကြောင်းကို ပိုပြီး အချက်ကျကျမေးခြင်းဖြစ်သည်။ သူငယ်ချင်းတွေနဲ့ အချိန်ဘယ်လောက်ယူကာစကားပြောကြသလဲ ဆိုတာ သူမပြောပြနိုင်သလား။ ဘယ်လိုအကြောင်းအရာတွေကို ပြောဖြစ်ကြလဲ။ အကြောင်းအရာတခုအပေါ် အကြံပြုကူညီမှုများ ပြုကြပါသလား။

အကယ်၍သူမတွင် သူငယ်ချင်းအဖွဲ့မရှိပါက - ဘဝအကြောင်းနှင့်ပတ်သက်ပြီး ဘယ်သူ့ကိုပြောဖြစ်သလဲ။ ဘယ်သူမှမရှိဘူးဆိုရင် ဒီလိုအကြောင်းအရာတွေကို ဘာကြောင့်မဆွေးနွေးချင်သလဲဆိုတာ သူမပြောပြနိုင်မလား။

## မေးခွန်း (၅)

အခုအမ/ညီမကို အမ/ညီမရဲ့ဘဝအတွေ့အကြုံနဲ့ပတ်သက်တဲ့အကြောင်းမေးခွန်းနဲ့နဲမေးချင်ပါတယ်။ အကယ်၍ပြောပြချင် ပါက နားထောင်ချင်ပါတယ်။ ဒါက အမ/ညီမရဲ့ ဘဝအတွေ့အကြုံဆိုတာထက် အမ/ညီမရဲ့လိုအပ်ချက်အကြောင်းကို မေးမြန်းချင်တာပါ။

အမ/ညီမ တွေ့ကြုံခံစားခဲ့ရပြီးတဲ့နောက်မှာ ဘယ်သူ့ကိုအကူအညီတောင်းခဲ့တဲ့အကြောင်း ပြောပြပေးနိုင်မလား။

အကြောင်းအရာ
အကယ်၍သူမသည် အတွေ့အကြုံနှင့်ပတ်သက်ပြီး မပြောပြချင်ပါက ပြောပြစရာမလိုကြောင်း မေးမြန်းသူမှ ရှင်းလင်းစွာပြောပြထားသင့် သည်။ ကျွန်ုပ်တို့သည် သူမ၏ယခုဘဝတွင် လိုအပ်မှု၊ လိုချင်မှုကိုစိတ်ဝင်စားခြင်းဖြစ်သည်။ သူမသည် ဆေးဝါးဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာ ဂရုပြုမှုကိုရှာဖွေခဲ့ပါကလည်း ဒီလိုအကူအညီမျိုးကိုရအောင်ဘယ်သူက ကူညီခဲ့လည်းဆိုတာ သိချင်ပါတယ်။

## မေးခွန်း (၆)

ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသိုင်းအဝိုင်းများသည် ဒီလိုအတွေ့အကြုံမျိုး တွေ့ကြုံခဲ့ရသည့်အမျိုးသမီးများ သူတို့ လိုအပ်ချက်ရရှိအောင် ကူညီပေးနိုင်တယ်လို့ ထင်ပါသလား။

အကြောင်းအရာ
ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသိုင်းအဝိုင်းက ဘာတွေကူညီနိုင်သလဲလို့ သူမထင်မြင်သည်ကို သိလိုခြင်းဖြစ်သည်။ ဘယ်လိုနည်းလမ်းတွေနဲ့ ကူညီစေချင်ပါသလဲ။

အကယ်၍မထင်ပါက - အဘယ့်ကြောင့် မကူညီနိုင်ဘူးဟုထင်ပါသနည်း။ အဲဒါဆို ဘယ်သူတွေကကူညီနိုင်တယ်လို့မြင်ပါသလဲ။

## မေးခွန်း (၇)

ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသိုင်းအဝိုင်းများသည် ဒီလိုအတွေ့အကြုံမျိုးတွေကနေ သက်သာပျောက်ကင်းစေရန်နှင့် ပြန်လည်ကောင်းမွန်ရန် ပံ့ပိုးစီစဉ်ပေးနိုင်တဲ့နေရာတခုလို့ ထင်ပါသလား။

အကြောင်းအရာ
ထုတ်ဖော်ပြောဆိုဖို့ရန် ဘာသာရေးအသိုင်းအဝိုင်းသည် လုံခြုံစိတ်ချရသောနေရာတခုဖြစ်နိုင်ခြေကို မေးမြန်းခြင်းဖြစ်သည်။ သူတို့ဖော်ပြ ရန် အတားအဆီးတခုခုများရှိပါကသလား။ ဒီလိုအတားအဆီးတွေကို ဘယ်လိုကျော်လွှားနိုင်မယ်လို့ ထင်ပါသလဲ။

## မေးခွန်း (၈)

အမျိုးသမီးများအတွက် ကြမ်းတမ်းတဲ့အတွေ့အကြုံများမှ ကုသခြင်းနှင့် ပြန်လည်ကောင်းမွန်လာခြင်းမှာ အရမ်း ခက်ခဲနိုင်ပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသိုင်းအဝိုင်းများက SV အကြမ်းဖက်မှုခံခဲ့ရသော အမျိုးသမီးများကို ကုသရန် မည်သို့ကူညီနိုင်တယ်လို့ ထင်ပါသနည်း။

အကြောင်းအရာ
ဤမေးခွန်းသည် အမျိုးသမီးများကို ဂရုပြုထောက်ပံ့သည့် ယုံကြည်သူ၏အခန်းကဏ္ဍကိုဦးတည်ခြင်းဖြစ်သည်။ ဘာတွေကို အကြံပြုချင်ပါသလဲ။ ဘယ်လိုအလုပ်လုပ်လို့ရလဲဆိုတာ လက်တွေ့ကျတဲ့ဥပမာပေးလို့ရမလား။

## မေးခွန်း (၉)

ဘာသာရေးအသိုင်းအဝိုင်းက ပံ့ပိုးစီစဉ်တဲ့ လုံခြုံစိတ်ချရာနေရာမှာ ဒီလိုဘဝတူအမျိုးသမီးတွေနဲ့အတူ ပွင့်ပွင့်လင်းလင်းစကားပြောလို စိတ်ရှိပါသလား။

အကြောင်းအရာ
အကယ်၍လုံခြုံစိတ်ချရတဲ့နေရာရှိပါက သူမတို့အဆင်သင့်ရှိမှုအခြေအနေကိုသိလိုခြင်းဖြစ်သည်။ ဒါကဖြစ်နိုင်ခြေရှိပါသလား။ မဖြစ်နိုင်ပါ က ဒီကိစ္စနှင့်ပတ်သက်ပြီး သူမရဲ့အတွေးတွေက ဘာများလဲ။

## မေးခွန်း (၁၀)

ဘာသာရေးအသိုင်းအဝိုင်းက ပံ့ပိုးတဲ့ ဘဝတူအမျိုးသမီးတွေထုတ်ဖော်ပြာဆိုတဲ့ ပံ့ပိုးမှုကွန်ယက်မှာ ပါဝင်လိုပါသလား။

အကြောင်းအရာ
အကယ်၍သူမပါဝင်လိုပါက ပံ့ပိုးမှုကွန်ယက်မှာ ဘာတွေကိုမြင်လိုလဲဆိုတာ သူမကိုပြောဆိုစေခြင်းဖြစ်သည်။ မပါဝင်ချင်ပါက ဘာကြောင့် အမျိုးသမီးများကိုပံ့ပိုးတဲ့ကွန်ယက်မှာ မပါဝင်ချင်တာလဲ ပြောပြပေးနိုင်မလား။

## မေးခွန်း(၁၁)

ဒဏ်ရာတွေကို သက်သာပျောက်ကင်းကုသအောင် ဘာအကူအညီလိုအပ်ပါသလဲ။ ရပ်ရွာဝန်းကျင်နှင့် ဘာသာရေးအသိုင်းအဝိုင်းကရော ဒီလိုဖြစ်စဉ် (ကုသမှု) မှာကူညီဖို့ ဘာတွေလိုအပ်လဲ။

အကြောင်းအရာ
ကုသခြင်းဖြစ်စဉ်မှာလိုအပ်မယ့်သူမရဲ့လိုအပ်ချက်တွေကိုပြောစေပါ။ထို့နောက်ယုံကြည်မှုနှင့်ဝန်းကျင်ရဲ့အကူအညီအကြောင်း မေးပါ။ ဒီလိုဖြစ်လာလို့ ဘယ်လိုလုပ်ဆောင်နိုင်ပါသလဲ။

တွေ့ဆုံစကားပြောတဲ့အတွက် ထပ်မံကျေးဇူးတင်ပါ။ မေးခွန်းရှိ/မရှိကိုမေးပါ။ SV နဲ့ပတ်သက်တဲ့အကြောင်းနဲ့ မေးခွန်းတွေမေးလိုပါက counsellor ကိုညွှန်ပြနိုင်ကြောင်းပြောပြပေးပါ။

© TEARFUND 2016

# မေးခွန်းလမ်းညွှန် - လူထုအခြေပြု အမျိုးသမီးများအဖွဲ့

## မေးခွန်း (၁)

ရပ်ရွာဂန်းကျင်မှာဘာလုပ်ငန်းအစီအစဉ်တွေလုပ်ဆောင်နေလဲ။ အဲဒီလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးများက ဘယ်လိုပါဝင်နေသလဲ။

အကြောင်းအရာ
အမျိုးသမီးများကို သက်သောင့်သက်သာရှိစေရန်နှင့် ရပ်ရွာဂန်းကျင်ရှိအပြုသဘော ဆောင်သောအကြောင်းအရာများကိုပြောစေခြင်းဖြစ်သည်။ ဂန်းကျင်နှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများကို မေးခွန်းမေးခြင်းဖြင့် သတိရအောင်ကူညီ နိုင်သည်။

## မေးခွန်း (၂)

အဒေါ်တို့ နေထိုင်တဲ့ဒီနေရာ ဒီအရပ်မှာ ဘာတွေကိုကြိုက်နှစ်သက်လဲ ပြောပြပေးနိုင်မလား။

အကြောင်းအရာ
အရင်မေးခွန်းတခုကိုဆက်စပ်မေးခြင်းဖြစ်ပြီး အပြုသဘောအတွေ့အကြုံများကိုပြောပြမယ့် လုံခြုံမှုဆိုင်ရာမေးခွန်းဆက်မေးမြန်းနိုင်ဖို့ ကြားခံဖြစ်သည်။

## မေးခွန်း(၃)

အမျိုးသမီးများသည် ရပ်ရွာဂန်းကျင်တွင် လုံခြုံမှုရှိတယ်လို့ပြောလို့ရသလား။ အဘယ်ကြောင့်နည်း။ ဘာကြောင့်မဟုတ်သလဲ။

အကြောင်းအရာ
အမျိုးသမီးများ လုံခြုံမှု/မလုံခြုံမှုခံစားချက်ကို ဘာကြောင့်စဉ်းစားလဲ သိလိုခြင်းဖြစ်သည်။ သူတို့ကိုယ်ကိုသူတို့ မလုံခြုံဘူးလို့ခံစားရတဲ့အချိန်က ဥပမာများပေးလို့ရနိုင်မလား။

## မေးခွန်း (၄)

အကြမ်းဖက်မှုခံရတဲ့အမျိုးသမီးများအပေါ် ရပ်ရွာအတွင်းရှိ ဘာသာရေးခေါင်းဆောင်များ/ဘာသာရေးအသိုင်းအဝိုင်းများသည် အကူအညီဖြစ်စေတယ်လို့ ထင်ပါသလား။

အကြောင်းအရာ
ဤမေးခွန်းသည် ယေဘုယျအကြမ်းဖက်မှုအကြောင်းမေးခြင်းဖြစ်သည့်အတွက် အကူအညီအမျိုးစုံနိုင်သည်။ ဘာကြောင့် ဘာသာရေးအသိုင်းအဝိုင်းက အကူအညီဖြစ်စေလဲ၊ အကူအညီမဖြစ်စေဘူးလဲ၊ ဘာသာရေးခေါင်းဆောင် / ဘာသာရေးအသိုင်းအဝိုင်းက အကူအညီဖြစ်စေ/မဖြစ်ခဲ့တဲ့ အဖြစ်အပျက်များသိပါသလား။ အဖွဲ့ထဲမှာဝေငှပြောပြနိုင်ပါ သလား။

## မေးခွန်း(၅)

ကျားမရေးရာအကြမ်းဖက်ခြင်း၊ အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းကို ဘယ်လိုနားလည်ပါသလဲ။ အဒေါ်တို့အတွက် ဘယ်လိုအဓိပ္ပါယ်လဲ။

အကြောင်းအရာ
အမျိုးသမီးများ၏ ကျားမရေးရာအကြမ်းဖက်ခြင်းအပေါ်နားလည်မှုကို သိလိုခြင်းဖြစ်သည်။ ဥပမာများကိုပေးစေလိုပါသည်။ SV အပြုအမူများပါဝင်ပါသလား။ အကယ်၍မဖော်ပြပါက SV ဆိုတဲ့စကားကို နားဖူးပါသလား။ သိပါသလား။ ဘယ်လိုအဓိပ္ပါယ်လဲဆိုတာ မေးပါ။

## မေးခွန်း (၆)

SV ခံရတဲ့အမျိုးသမီးများဟာ ပိုပြီး တော့ တိတ်တဆိတ်နေတယ်လို့ ထင်ပါသလား။ ဘာကြောင့် ထင်ပါသလဲ။ ဘာကြောင့် မထင်ပါသလဲ။

အကြောင်းအရာ
ဒီလိုစကားလုံးကိုမပြောပဲ ရှက်ကြောက်ခြင်း ခွဲခြားခံရခြင်းအကြောင်း သိလိုခြင်းဖြစ်သည်။ ဘာကြောင့်အမျိုးသမီးများ တိတ်တဆိတ်နေကြတာလဲဆိုတာမေးပါ။ ယဉ်ကျေးမှုဆိုင်ရာအချက်များ သို့မဟုတ် ယုံကြည်မှုဆိုင်ရာများက အဓိကဖြစ်နေပါသလား။ အကယ်၍ဂန်းကျင်တွင်အမျိုးသမီးများက ဖော်ထုတ်ပြောဆိုပါက ဘယ်အချက်တွေက ပြော စေတာလဲဆိုတာ မေးပါ။

အကယ်၍ SV သည် ဒီနေရာမှာ အခက်အခဲမဟုတ်ဘူးလို့ပြောပါက မြန်မာနိုင်ငံမှာလက်ရှိ SV များအကြောင်း (သင်တန်းတွင်ဆွေးနွေးခဲ့သော) ကို ပြောပြပါ။ ဘာကြောင့်အမျိုးသမီးများထုတ်ဖော်ပြောသည်/မပြောသည်ကို ပို၍ မေးပါ။

## မေးခွန်း (၇)

ကမ္ဘာနှင့် မြန်မာနိုင်ငံနေရာတော်တော်များများတွင် စစ်ပွဲဖြစ်ပွားနေသည်ကို ကြားရသည်။ စစ်ပွဲသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများဘဝအပေါ် ဘယ်လိုသက်ရောက်တယ်လို့ ထင်ပါသလဲ။

အကြောင်းအရာ
စစ်ပွဲအပေါ် အမြင်များနှင့် အမျိုးသမီးများကြုံတွေ့ရသော အကြမ်းဖက်မှုများအကြောင်းမေးခြင်းဖြစ်သည်။ အမျိုးသမီး များအပေါ် စစ်ပွဲက ဘယ်လိုသက်ရောက်နေလဲ ဥပမာများမေးပါ။ စစ်ပွဲအတွင်း အမျိုးသမီးများဘာတွေဖြစ်တယ်လို့ ထင်ပါသလဲ။

## မေးခွန်း (၈)

အမျိုးသမီးများအတွက် ကြမ်းတမ်းတဲ့အတွေ့အကြုံများမှ ကုသခြင်းနှင့် ပြန်လည်ကောင်းမွန်လာခြင်းမှာ အရမ်း ခက်ခဲနိုင်ပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသိုင်းအဝိုင်းများက SV အကြမ်းဖက်မှုခံခဲ့ရသော အမျိုးသမီးများကို ကုသရန် မည်သို့ကူညီနိုင်တယ်လို့ ထင်ပါသနည်း။

အကြောင်းအရာ
ဤမေးခွန်းသည် အမျိုးသမီးများကို ဂရုပြုထောက်ပံ့သည့် ယုံကြည်သူ၏အခန်းကဏ္ဍကိုဦးတည်ခြင်းဖြစ်သည်။ အဒေါ်တို့အနေနဲ့ ဘာတွေကို အကြံပြုချင်ပါသလဲ။ ဘယ်လိုအလုပ်လုပ်လို့ရလဲဆိုတာ လက်တွေ့ကျတဲ့ဥပမာပေးလို့ ရမလား။

## မေးခွန်း(၉)

SV တွေကြုံခဲ့ရတဲ့အမျိုးသမီးများအတွက် ပံ့ပိုးမှုကွန်ယက်သည် အကူအညီဖြစ်နိုင် အကျိုးရှိနိုင်တယ်လို့ ထင်ပါသလား။

အကြောင်းအရာ
ဘာတွေကိုလုပ်ဆောင်နိုင်တယ်ဆိုတာ အကြံပြုပေးနိုင်သလား။ ဘာသာရေးအသိုင်းအဝိုင်းမှာ ဒါတွေဖြစ်လာနိုင် သလား။ ဘယ်လိုနည်းနဲ့လဲ။

မဖြစ်နိုင်ပါက၊ ဒီလိုကွန်ယက်မျိုးဖြစ်လာဖို့ အတားအဆီးတွေကို ဘယ်လိုကျော်လွှားနိုင်မလဲ။

အဒေါ်တို့အနေနဲ့ သိချင်တာ၊ မေးချင်တာရှိပါက မေးမြန်းနိုင်ပါတယ်။

© TEARFUND 2016

